P-SEC




# ၂၀၂၂ ခုနှစ်
# မြန်မာ့အထက်တန်းလွန်ပညာရေး

## သမိုင်းတလျှောက်တိုးတက်မှုများနှင့် ယနေ့ခေတ်စိန်ခေါ်ချက်များ

# မာတိကာ


| | | |
|---|---|---|
| ၀ | အနှစ်ချုပ် ………… | ၁ |
| ၁ | မိတ်ဆက် ………… | ၃ |
| ၂ | အထက်တန်းလွန် ပညာရေးကဏ္ဍ၏ သမိုင်းကြောင်း ………… | ၆ |
| ၂.၁ | ထိုင်း–မြန်မာ နယ်စပ် ………… | ၇ |
| ၂.၂ | မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ အဆင့်မြင့်ပညာရေး လမ်းကြောင်းများ သတ်မှတ်ဖော်ထုတ်ခြင်း ………… | ၁၂ |
| ၂.၃ | အထက်တန်းလွန် ပညာရေး အသိအမှတ်ပြုမှု ………… | ၁၈ |
| ၂.၄ | အွန်လိုင်း လုပ်ငန်းများ စတင်လာခြင်း ………… | ၂၁ |
| ၃ | အထက်တန်းလွန် ပညာရေးကဏ္ဍအတွက် လက်ရှိအခက်အခဲများ………… | ၂၂ |
| ၃.၁ | ၂၀၂၀ ခုနှစ် ကိုဗစ် ၁၉ ကပ်ရောဂါကာလအတွင်း စိန်ခေါ်မှုအခက်အခဲများ ………… | ၂၄ |
| ၃.၂ | မကြုံစဖူး စိန်ခေါ်မှုများ ………… | ၂၇ |
| ၄ | မြန်မာနိုင်ငံ အထက်တန်းလွန် ပညာရေးကဏ္ဍ၏ အနာဂတ် ………… | ၃၀ |
| ၄.၁ | အကြံပြုချက်များ ………… | ၃၂ |



## ဤအခြေအနေ အခင်းအကျင်းအောက်တွင်

အထက်တန်းလွန်ပညာရေးကျောင်းနှင့် စီမံကိန်းများဆိုသည်မှာ

- ကျောင်းထွက်ထားသော သင်ယူသူများကို ဦးတည်သင်ကြားသော ကျောင်းများ
- အစိုးရမဟုတ်သောကျောင်းများ။
- အကျိုးအမြတ်မယူဘဲ ဖွင့်လှစ်တည်ထောင်ခြင်း။
- ဘာသာရေးရည်ရွယ်ချက် မဟုတ်ခြင်း။
- ပုံမှန်အတန်းသစ်များဖွင့်လှစ်သင်ကြားခြင်းရှိသောကျောင်းများ။

အစီအစဉ်များကိုခေါ်ကြောင်း ဖွင့်ဆိုသတ်မှတ်ထားပါသည်။

# အနှစ်ချုပ်

ပြည်တွင်း အစိုးရပညာရေးစနစ်၏ အပစ်ပယ်ခံ၊ လျစ်လျူရှုခံ၊ ဖယ်ကြဉ်ခံ အုပ်စုရပ်ရွာများဖြစ်သော ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ လူနည်းစုလူမျိုးစုများအတွက် အလွန်အရေးပါသော ပညာရေးအထောက်အပံ့ကို မြန်မာနိုင်ငံ၏ အထက်တန်းလွန် ပညာရေးကဏ္ဍက ပေးအပ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ ထောင်ပေါင်းများစွာသောလူငယ်များ အဆင့်မြင့်ပညာရေး လက်လှမ်းမီနိုင်အောင် အထက်တန်းလွန်ပညာရေးပို့ချသူ အမျိုးမျိုးက ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးလျက် ရှိပါသည်။

ကျောင်းအုပ်များ၊ ဆရာများ၊ ကျောင်းသားများ၊ အစိုးရ မဟုတ်သော တိုင်းရင်းသားပညာရေး ပို့ချသူများနှင့် ဆက်စပ်အရပ်ဘက်အဖွဲ့အစည်းများ၊ သင်ရိုးရေးဆွဲသူများ၊ မြန်မာ့အထက်တန်းလွန်ပညာရေးကို စိတ်ဝင်စားသော ပညာရှင်များ၊ ပညာရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အလှူရှင်များ စသည့် မြန်မာအထက်တန်းလွန်ပညာရေးကဏ္ဍနှင့် အထက်တန်းလွန် ပညာရေးအဖွဲ့အစည်းများတွင် ပါဝင်နေသူများအဖို့ ဤသုတေသနအစီအရင်ခံစာတွင် တင်ပြထားသော အချက်အလက်များမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါလိမ့်မည်။


ဤအစီအရင်ခံစာအတွက် ဆောင်ရွက်ခဲ့သော သုတေသနသည် ကျောင်းအုပ်၊ ဆရာ၊ ကျောင်းသားဟောင်း၊ အလှူရှင်များနှင့် အခြား ဤပညာရေးကဏ္ဍအတွင်းတွင် ပါဝင်နေကြသူများကို လူတွေ့မေးမြန်းခြင်း၊ သက်ဆိုင်သော ပညာရပ်ဆိုင်ရာ စာရွက်စာတမ်းများ၊ အစီအရင်ခံစာများနှင့် လက်ရှိ လုပ်ကိုင်နေသော ပညာသည်များထံမှ မှတ်ချက်များ ကောက်ယူခြင်း စသည်တို့မှရရှိသည့် အချက်အလက်များကို ပေါင်းစပ်လေ့လာတင်ပြထားပါသည်။

ဤအစီအရင်ခံစာသည် မြန်မာနိုင်ငံနှင့် ၎င်း၏နယ်စပ်တလျှောက် အမျိုးမျိုးသော အထက်တန်းလွန်ပညာရေး ပို့ချသူများ၏ သမိုင်းကြောင်း၊ ဖွံ့ဖြိုးပြောင်းလဲလာပုံ၊ ကွဲပြားစုံလင်ပုံတို့ကို အနှစ်ချုပ်တင်ပြမည် ဖြစ်ပါသည်။ ဤအစီအရင်ခံစာတွင် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဤကဏ္ဍက ရင်ဆိုင် ကြုံတွေ့ခဲ့ရသော ကပ်ရောဂါ၊ နိုင်ငံရေးအုံကြွမှုနှင့်ဆက်စပ်သော လက်ရှိစိန်ခေါ်မှုများ၊ လိုအပ်ချက်များကိုလည်း သိမြင်နားလည်မှု မြင့်တင်ရန် ကြိုးစားထားပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် ကျင်းပသည့် မြန်မာ့ပထမဆုံး အထက်တန်းလွန်ပညာရေးကဏ္ဍ ညီလာခံနှင့် ဤအစီအရင်ခံစာကို အချိန်ကိုက် ထုတ်ဝေနိုင်မည် ဖြစ်ပါသည်။

## တွေ့ရှိချက်များ

- အထက်တန်းလွန်ပညာရေးကျောင်းများသည် ဆိုးရွားခက်ခဲသည့် အခြေအနေများအလယ်တွင် အရေးတကြီးလိုအပ်သော ပညာရေးလိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းနိုင်အောင် အမြဲကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ကြသည်။
- အထက်တန်းလွန်ပညာရေးကဏ္ဍသည် ကပ်ရောဂါနှင့် နိုင်ငံရေးအုံကြွမှုတို့ကြောင့် လက်ရှိအချိန်တွင် ကြီးမား ခက်ခဲသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ လူတွေ့သင်ကြားနိုင်မှုမရှိစေသော တားမြစ်ချက်များ၊ ဘဏ္ဍာရေးလက်လှမ်းမီမှုမရှိခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပူပန်ချက်များကိုလည်း ကြုံတွေ့နေရသည်။
- သို့ရာတွင် အထက်တန်းလွန်ပညာရေးကျောင်းများက စိန်ခေါ်မှုများကို ရင်ဆိုင်ကိုင်တွယ်ပြီး ဖန်တီးဆန်းသစ်သော ဖြေရှင်းနည်းများကို အသုံးပြုလာခဲ့သည်။ အဆင်ပြေသည့် နေရာများတွင် အွန်လိုင်းမှစာသင်ခြင်းကို စတင်လာခဲ့သည်။
- ဤကဏ္ဍသည် ပိုမိုအားကောင်းများပြားသော အကူအညီ၊ အသိအမှတ်ပြုမှု၊ ရင်းမြစ်ထောက်ပံ့မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုကို လိုအပ်လျက်ရှိပါသည်။

ပုံ ၁ – အချက်အလက်ရရှိထားသော အထက်တန်းလွန်ကျောင်းများ၏ တည်နေရာနှင့် ထူထပ်မှုပြမြေပုံ၊ ၂၀၂၂



# ၁ – မိတ်ဆက်

အထက်တန်းလွန်ဆိုသည်မှာ အထက်တန်းကျောင်းအပြီး ပညာရေး မည်သည့်ပုံစံကိုမဆိုခေါ်ဆိုပြီး များသောအားဖြင့် တက္ကသိုလ်ပညာရေးကိုပါ ထည့်သွင်းရည်ညွှန်းခြင်း ရှိတတ်သည်။ သို့ရာတွင် မြန်မာနိုင်ငံနှင့် နယ်စပ်ရပ်ရွာများ၊ ဒုက္ခသည် စခန်းများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ နယ်စပ်နေထိုင်သူ တက်ကြွလှုပ်ရှားသူများစသည့် ရပ်ရွာအသိုင်းအဝိုင်းများအတွက်မူ ဤကဏ္ဍက သီးသန့်ပညာရေးပုံစံ ရည်ရွယ်ချက်တစ်ခု ရှိလာပါသည်။ အထက်တန်းလွန်ပညာရေးသည် အဆိုပါ ရပ်ရွာများအတွက် တက္ကသိုလ်ပညာရေးကျောင်း အစားထိုး အနေနှင့်သော်လည်းကောင်း၊ တက္ကသိုလ်ပညာရေးအတွက် ပေါင်းကူးတစ်ရပ်သော်လည်းကောင်း ဖြစ်လာပါသည်။

ဤအခြေအနေ အခင်းအကျင်းအောက်တွင်[၁] အထက်တန်းလွန် ပညာရေးကျောင်းနှင့် စီမံကိန်းများဆိုသည်မှာ

- ကျောင်းထွက်ထားသော သင်ယူသူများကို ဦးတည် သင်ကြားသောကျောင်းများ (များသောအားဖြင့် ၁၆ နှစ်နှင့် အထက်ကို ဦးတည်သင်ကြားခြင်း)
- အစိုးရမဟုတ်သောကျောင်းများ
- အကျိုးအမြတ်မယူဘဲ ဖွင့်လှစ်တည်ထောင်ခြင်း[၂]
- ဘာသာရေးရည်ရွယ်ချက် မဟုတ်ခြင်း[၃]
- ပုံမှန်အတန်းသစ်များ ဖွင့်လှစ်သင်ကြားခြင်းရှိသော (တစ်ကြိမ်သာပေးသော၊ နေရာစုံလိုက်လံ၍ ယာယီဖွင့်လှစ်သော အစီအစဉ်များမဟုတ်) ကျောင်းများ

အစီအစဉ်များကိုခေါ်ကြောင်း ဖွင့်ဆိုသတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံရှိ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ မျိုးဆက်ပေါင်းများစွာသည် လျစ်လျူရှုမှုခံထားရသော ကဏ္ဍ ဖြစ်ပြီး **ပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းမှုများစွာ**ကလည်း ရည်မှန်းထားသည့်အတိုင်း မအောင်မြင်ကြသည်က များပါသည်။ ၂၀၂၀ ခုနှစ် အစောပိုင်း ကိုဗစ်–၁၉ ကပ်ရောဂါစတင်ချိန်မှစပြီး ဆက်တိုက်ဖြစ်ပွားသော နိုင်ငံရေးဖြစ်ရပ်များကြောင့် ပညာရေး ပြုပြင်ပြောင်းလဲမှုက ရှေ့ဆက်မတက်နိုင်အောင် တုံ့ဆိုင်း ရပ်တန့်လျက်ရှိပါသည်။


အကျိုးအမြတ်အတွက်မဟုတ်သော၊ ဘာသာရေးသင်ကြားမှု မပါဝင်သော အထက်တန်းလွန်ပညာရေးကဏ္ဍသည် အခြားရွေးချယ်စရာ ပညာရေး အခွင့်အလမ်းမရှိသော သင်ယူသူများအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရောက်ရှိလာပါသည်။ ဤကဏ္ဍ၏ လွှမ်းခြုံနိုင်မှုနှင့် နယ်ပယ် အမျိုးအစားသည် ကမ္ဘာတွင် အခြားမည်သည့် နေရာနှင့်မျှ ဆင်တူယိုးမှားခြင်းမရှိသော ပညာရေးကဏ္ဍဟု ဆိုနိုင်သည်။ အခြားနိုင်ငံများတွင်လည်း အကျိုးအမြတ်အတွက်မဟုတ်သော၊ အရွယ်ရောက်သူ ပညာရေး၊ လူငယ်ပညာရေး အဖွဲ့အစည်းများ ရှိကြသော်လည်း ၎င်းတို့မှာ လူအုပ်စုငယ်များအတွက်သာ ဦးတည်ခြင်းရှိပြီး မြန်မာအထက်တန်းလွန်ပညာရေးကဏ္ဍနှင့် တန်းတူပျံ့နှံ့လွှမ်းခြုံခြင်း မရှိနိုင်ပါ။

၁။ ၂၀၂၂ ခုနှစ် အထက်တန်းလွန်ပညာရေး – လက်တွေ့နှင့် အလားအလာများ ညီလာခံအတွက် ညှိနှိုင်းရေးကော်မတီက ဖွင့်ဆိုချက်အရ။

၂။ အချို့ကျောင်းများက ကျောင်းလခ ကောက်ခံသည်။ သို့ရာတွင် ထိုငွေကြေးမှာ ကျောင်းလည်ပတ်မှု စရိတ်များအတွက်ဖြစ်ပြီး ငွေကြေးအကျိုးအမြတ်အတွက် မဟုတ်ကြပါ။

၃။ သို့ရာတွင် ဤအစီအရင်ခံစာ၌ ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းများကိုလည်း (ဘာသာရေးအဆုံးအမများ သီးသန့်သင်ကြားသော ကျောင်းမဟုတ်ပါက ထည့်သွင်းရေတွက်ထားပါသည်။)

ပုံ ၂ – ထိုင်း–မြန်မာ နယ်စပ်ရှိ ကျွန်ုပ်တို့သိရသော အထက်တန်းလွန်ကျောင်းများ၊ ၂၀၂၂




ကျောင်းပြင်ပ အထက်တန်းလွန်ပညာရေးကဏ္ဍ ဆိုတာ အရည်အသွေးမြင့် တက္ကသိုလ်ပညာရေးကို လက်လှမ်းမီမှုမရှိတဲ့ မြန်မာ့လူငယ်တွေကို မြေတောင်မြှောက်ပေးတဲ့ အလုပ်အတွက်အရေးပါတဲ့ အခန်းကဏ္ဍမှာ ဆယ်စုနှစ်ပေါင်းများစွာရှိနေတဲ့ ပညာရေးနယ်ပယ်တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ဒီပညာရေးကဏ္ဍဟာ ပညာရေး အခြေခံအမျိုးမျိုး ကွဲပြားစွာရှိကြတဲ့၊ များသောအားဖြင့် အသိအမှတ်ပြုခြင်းမခံရတဲ့ ပညာရေးကိုပဲ ရရှိခဲ့ရတဲ့ လူငယ်တွေရဲ့ လိုအပ်ချက်တွေကို ဒီကဏ္ဍက ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။


*(ဒန်နီယယ် ဆေးဇရီ၊ Child's Dream Foundation, 2022)*

မြန်မာနိုင်ငံ၏ အထက်တန်းလွန်ပညာရေးကဏ္ဍတွင် လက်ရှိ ကျောင်းပေါင်း ၁၅၀ ခန့်[၄]၊ အချင်းချင်း ကွန်ရက်ချိတ်ဆက်မှုများ၊ ကျောင်းသား/ဆရာ အထောက်အပံ့ဝန်ဆောင်မှုများ၊ သင်ရိုးများ၊ လုပ်ငန်းနှင့် ပညာရေးတက်လမ်းများ၊ အလှူရှင် အဖွဲ့အစည်းများရှိကြပါသည်။ အစိုးရမှ အခြေခံနှင့် အဆင့်မြင့် ပညာရေးအများစုကို လက်လှမ်းမမီသည့်အနေအထားတွင် ဤပညာရေးကဏ္ဍကို ပိုမိုအားကောင်းသော အထောက်အပံ့များ ပေးသင့်ကြောင်း ကြေညာတိုက်တွန်းအပ်ပါသည်။ အသိအမှတ်ပြုမှု ပေးခြင်း၊ ရင်းမြစ်များပေးအပ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်မှု အထောက်အပံ့များ ပေးအပ်ခြင်းစသည့် အထောက်အပံ့များကို ပေးအပ်သင့်ပါသည်။

အထက်တန်းလွန်ပညာရေးကဏ္ဍ၏ လွှမ်းခြုံမှုနယ်ပယ်သည်လည်း ကျယ်ပြောနိုင်ပါသည်။ နိုင်ငံသားပညာရေး၊ လူမှုသိပ္ပံ၊ ရပ်ရွာဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ (အိုင်တီ)၊ အင်္ဂလိပ်ဘာသာစကား စသည်တို့မှာ အထက်တန်းလွန် ပညာရေးကျောင်းအများစုတွင် တူညီစွာတွေ့ရသော လေ့လာမှု ဘာသာရပ်များဖြစ်ကြပါသည်။ ဤကဏ္ဍအတွက် ထောက်ပံ့

၄။ ၂၀၂၂ အထက်တန်းလွန် ပညာရေး ညီလာခံ၏ ဖိတ်ခေါ်စာရင်းနှင့် အထက်တန်းလွန်ပညာရေးလမ်းညွှန်သုတေသန ၂၀၂၀ တို့အပေါ် အခြေခံထားသော ကိန်းဂဏန်း။

ပုံ ၃ – ကျွန်ုပ်တို့သိရသော အထက်တန်းလွန်ကျောင်းများ၏ အဓိကသင်ရိုးနယ်ပယ်များ၊ ၂၀၂၂





ကူညီနေသော အရပ်ဘက်ဒေသခံအဖွဲ့အစည်းများလည်း ရှိကြပြီး ဆရာဖြစ်သင်တန်း၊ သင်ရိုးရေးဆွဲခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အခြားဝန်ဆောင်မှုများကို ပေးအပ်ကူညီနေကြသည်။

> **အထက်တန်းလွန် ပညာရေးကျောင်းတစ်ခုမှ ကျောင်းအုပ်တစ်ဦး၏ စကားကို ကိုးကားရလျှင် ဤကျောင်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် အစိုးရပညာရေး လိုအပ်ချက်များကို တုံ့ပြန် ဖြည့်ဆည်းရန် ပြင်ဆင်တည်ထောင်ခဲ့ကြသော အောက်ခြေမှစ၍ တည်ထောင်ထားသော 'သင်ကြားသင်ယူမှု ဂေဟစနစ်' တစ်ခုဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက မပေးအပ်နိုင်သည့် အရာများကို အထက်တန်းလွန်ကျောင်းများက ကိုယ့်အားကိုယ်ကိုး ဖြည့်ဆည်းကြသည်ဟု ဆိုပါသည်။**
>
> *(Loong and Rinehard, 2019)*

ဤဇယားကွက်များနှင့် မြေပုံများသည် အထက်တန်းလွန်ပညာရေး ကဏ္ဍ၏ ပျံ့နှံ့တည်ရှိမှုနှင့် နယ်ပယ်လွှမ်းခြုံနိုင်မှုကို ပြပါသည်။ ကျောင်းများစွာ အကြိမ်ကြိမ် အဖွင့်အပိတ် ပြောင်းလဲမှု ရှိနေခြင်းနှင့် ကျွန်ုပ်တို့ မသိရှိသေးသော ကျောင်းများလည်း ဖွင့်လှစ်ထားမှု ရှိနိုင်ခြင်းတို့ကြောင့် ဤသတင်းအချက်အလက်ကို ကိန်းဂဏန်း အတိအကျထက် အနီးစပ်ဆုံးကိုးကားရန် ညွှန်းကိန်းအဖြစ် အသုံးပြုသင့်ပါသည်။

မြေပုံနှင့် ဂရပ်ဖ်များတွင် ဖော်ပြထားသော ၁၄၇ ကျောင်းလုံး၏ အဓိက သင်ရိုးနာမည်များကို ဖော်ထုတ်သတ်မှတ်ရာတွင် နည်းလမ်းအမျိုးမျိုး အသုံးပြုခဲ့ပါသည်။ ကျောင်း၏ ကိုယ်ပိုင် သတ်မှတ်ချက်များ၊ ကျောင်းနှင့် သင်ရိုးရေးဆွဲခြင်းလုပ်ငန်းစဉ်မှ တွေ့ရှိချက်များ၊ အွန်လိုင်းမှ လေ့လာသုတေသနပြုမှုများဖြင့် ဖော်ထုတ်သတ်မှတ်ခြင်းဖြစ်ပါသည်။



# ၂ – အထက်တန်းလွန် ပညာရေး ကဏ္ဍ၏ သမိုင်းကြောင်း

ရပ်ရွာအုပ်စုများ၊ လူမျိုးစု အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်နှင့် ပညာရှင် အဖွဲ့အစည်းများက လူငယ်လူရွယ်များ၏ ပညာရေး လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကျောင်းများ ထူထောင်သင်ကြား ကြသည်မှာ မြန်မာနိုင်ငံတွင် ရှေးအချိန်များကတည်းက ရှိခဲ့ကြမည်ဖြစ်ပါသည်။ သို့ရာတွင် အထက်တန်းလွန်ပညာရေး ကဏ္ဍဟူ၍ ကဏ္ဍသီးသန့်တစ်ရပ်အနေနှင့် ပေါ်ပေါက်လာသည်မှာ ၁၉၉၀ ခုနှစ်များတွင်မှ ထိုင်းမြန်မာနယ်စပ်တွင် စတင်ခဲ့ကြခြင်း ဖြစ်နိုင်ခြေရှိပါသည်။ ကရင်၊ မွန်၊ ရှမ်း၊ ကယားပြည်နယ်များမှ ပဋိပက္ခဘေးရှောင်လာသည့် ရပ်ရွာလူထုတို့ များလာသည့်အတွက် ပညာရေးအဆင့် အသီးသီးနှင့်စပ်လျဉ်းသည့် ဝန်ဆောင်မှုများ ပိုမိုလိုအပ်လာပါသည်။ သက်ဆိုင်ရာ ကရင်နီနှင့် မွန်ပညာရေး ဌာနများသည် အစောပိုင်းကာလများတွင် အခြေခံပညာရေးကိုသာ အာရုံစူးစိုက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ရပ်ရွာအစုအဖွဲ့များက ရပ်ရွာတွင် လိုအပ်မည်ယူဆသည့်အရာများကို (ဥပမာ – ဆရာဖြစ်သင်တန်းများ၊ ဘာသာစကားသင်တန်းများ) စီစဉ်ပို့ချ လာခဲ့ကြသည်။

## ၂.၁ – ထိုင်း–မြန်မာ နယ်စပ်

ထိုင်း–မြန်မာ နယ်စပ်တွင် ပထမဆုံးဖွင့်သော အထက်တန်းလွန် ပညာရေးကျောင်းများမှ တစ်ခုမှာ Personal Development Course (PDC) ဖြစ်ပြီး မယ်ရမှု ဒုက္ခသည်စခန်း၌ ၁၉၉၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ PDC သည် ကျောင်းထွက်ကလေးများနှင့် ရပ်ရွာ၏ လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပြီး သင်ရိုးအချို့ကို ရေးသားသတ်မှတ်ခဲ့ကြပါသည်။ သင်ရိုးများတွင် ရပ်ရွာဖွံ့ဖြိုးရေး၊ ကျန်းမာရေးပညာ၊ ဘဝတွက်တာ ကျွမ်းကျင်မှုများ၊ လူ့အခွင့်အရေး၊ အင်္ဂလိပ် ဘာသာစကားနှင့် ဗမာဘာသာစကား ဘာသာရပ်များ ပါဝင်ကြသည်။ ကရင်ရပ်ရွာများမှ အတွေ့အကြုံရှိ ဆရာများ၊ ဩစတြေးလျ ကျောင်းဆရာ/ ရန်ပုံငွေရှာဖွေသူ တစ်ဦးတို့က ဝန်ထမ်းများအဖြစ် အလုပ်လုပ်ကာ စတင်ခဲ့သော PDC သည် ယနေ့အထိ လည်ပတ်သင်ကြားနေဆဲဖြစ်သည်။ PDC မှ ပညာရေးပြီးဆုံးသူ ၅၀၀ ကျော်က ဆရာ ဆရာမများ၊ ဆေးလုပ်သားများ၊ ရပ်ရွာဖွံ့ဖြိုးရေး ဆောင်ရွက်သူများ၊ ရပ်ရွာ ခေါင်းဆောင်များအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိကြပါသည်။

၁၉၉၅ ခုနှစ်တွင် မယ်လ ဒုက္ခသည်စခန်း၏ သက်ကြီးပညာရေး အစီအစဉ်၊ ကရင်ပြည်နယ်မြောက်ပိုင်း အဆင့်မြင့် ပညာရေးအစီအစဉ်၊ ကရင်နီဒုက္ခသည်စခန်း ၃ မှ ကရင်နီ အထက်တန်းလွန်ပညာရေးအစီအစဉ်များကို ဘာသာရပ် လေ့လာမှုဆိုင်ရာ ပညာရေးရည်ရွယ်ချက်များ သတ်မှတ်ပြီး တည်ထောင်ခဲ့ပါသည်။ ဤကာလတွင် ပညာသင်ဆု အခွင့်အရေးများလည်း ပေါ်ပေါက်လာပြီဖြစ်သည်။ ထိုင်းနိုင်ငံမှ ပုဂ္ဂလိက တက္ကသိုလ်များမှတဆင့် ရရှိသော ပညာသင်ဆုများဖြစ်ပြီး ဝင်ခွင့်ရရှိရန် နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်ဝင်ခွင့်အောင်မြင်ထားခြင်း၊ အထက်တန်းကျောင်းပြီးစီးထားခြင်းတို့ ရှိရမည်ဖြစ်သည်။ ဝင်ခွင့်များအနက် အမေရိက၏ GED အစီအစဉ်သည် မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် ပိုမို လွယ်ကူစွာ လက်လှမ်းမီကြောင်းလည်း တွေ့လာရသည်။ စာမေးပွဲဖြေရမည့် နေရာများကို လွယ်ကူစွာလက်လှမ်းမီခြင်း၊ အောင်ချက် ရာခိုင်နှုန်းမှာ အခြားစာမေးပွဲအမျိုးအစားများထက် ပိုမိုမြင့်မားခြင်း တို့ကြောင့်ဖြစ်သည်။ BPEO Burma Project Education Office က ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်သော တက္ကသိုလ်ဝင်ခွင့် သင်တန်းသည်လည်း ကျောင်းသူ ကျောင်းသားများ GED စာမေးပွဲ ဖြေဆိုနိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းရှိခဲ့သည်။

ထို့နောက်ပိုင်း နှစ်အနည်းငယ်အကြာတွင် လူမျိုးစုအသီးသီးနှင့် ဒေသအမျိုးမျိုးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အထက်တန်းလွန်ပညာရေးကျောင်းများ ထပ်မံဖွင့်လှစ်လာသည်ကို တွေ့ရသည်။ ဟာလိုချာနီ ဒုက္ခသည်စခန်းမှ မွန် အထက်တန်းလွန်ကျောင်း၊ ချင်းမိုင်မှ Shan State School for Nationalities Youth (SSSNY) ကျောင်း၊ အွန်ပီယမ်မိုင် ဒုက္ခသည်စခန်းမှ အထူးပညာရေးအစီအစဉ် စသည်တို့မှာ အစောပိုင်း အထက်တန်းလွန်ပညာရေးကျောင်းအချို့ ဖြစ်ပါသည်။ ထိုကာလအတွင်း အခြားသော သီးသန့်ဘာသာရပ်များကို သင်ကြားသည့် ကျောင်း/အဖွဲ့အစည်းများလည်း ပေါ်ထွက်လာပါသည်။ ဥပမာ မယ်ရမှူ ဒုက္ခသည်စခန်းမှ ကရင်လူငယ်အမျိုးသမီးခေါင်းဆောင်မှုသင်တန်းနှင့် စိုက်ပျိုးရေးပညာကျောင်း၊ အွန်ပီယမ်မိုင် ဒုက္ခသည်စခန်းမှ English Immersion အစီအစဉ်၊ နူးပို ဒုက္ခသည်စခန်းမှ ကရင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသင်ရိုး၊ မယ်လဒုက္ခသည်စခန်းမှ အင်ဂျင်နီယာပညာသင်တန်း၊ ကရင်နီ ဒုက္ခသည်စခန်း ၃ မှ ကရင်နီလူမှုဖွံ့ဖြိုးတိုးတက်ရေးသင်တန်း၊ ကရင်နီဒုက္ခသည် စခန်း ၃၊ မယ်ခါးဒုက္ခသည်စခန်း၊ မယ်လနှင့် မယ်ပ ဒုက္ခသည်စခန်းများမှ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများ၊ တည်နေရာအမျိုးမျိုးမှ ဆရာအတတ်သင် သင်တန်းအစီအစဉ်များ စသည်တို့ ပါဝင်ပါသည်။

ထိုင်းနိုင်ငံ မြို့ပေါ်နေရာများတွင်လည်း အခြား ထပ်တိုး အစီအစဉ်များ သင်ရိုးများ ပို့ချခြင်းလည်း ရှိလာပါသည်။ ဥပမာ ချင်းမိုင်မှ သတင်းအတတ်ပညာကျောင်း၊ Earthrights ကျောင်း၊ နိုင်ငံခြားရေးရာပညာနှင့် တက္ကသိုလ်ဝင်တန်းအခြေခံသင်တန်းများ ဖြစ်ကြပါသည်။ ထိုကျောင်းများတွင် မြန်မာနိုင်ငံတွင်းနှင့် နယ်စပ်ဒေသတလျှောက်မှ လူငယ်များကို လက်ခံသင်ကြားကြပြီး ဒုက္ခသည်စခန်းနှင့် မြို့ပြမှ အထက်တန်းလွန်ကျောင်းပြီး ကျောင်းသားများကို လက်ခံသင်ကြားကြပါသည်။

BPEO သည် တက္ကသိုလ်ပညာသင်ဆု အစီအစဉ်အမျိုးမျိုးကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ထိုအချိန်က ဒုက္ခသည်စခန်းအခြေပြု အထက်တန်းလွန်ပညာရေးကျောင်း ၃ ကျောင်းကို ထောက်ပံ့လျက်ရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ၎င်းတို့သည် **Curriculum Project** နှင့် Burma Volunteer Program[၅] တို့ကို ထူထောင်ပြီး အထက်တန်းလွန်ပညာရေးကျောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို အထောက်အပံ့များ ပေးအပ်ခဲ့ကြသည်။ ၂၀၀၀ ပြည့် အစောပိုင်း ခုနှစ်များတွင် ထောက်ပံ့ခဲ့ကြသော အလှူရှင်အဖွဲ့အစည်းများတွင် ZOA Refugee Care, World Education နှင့် **Child's Dream Foundation** တို့ ပါဝင်ကြပါသည်။

အလယ်ပိုင်း ၂၀၀၀ ပြည့်ခုနှစ်များတွင် **Karen Refugee Committee Education Entity** ၏ အဆင့်မြင့်ပညာရေးဌာနကို ဖွဲ့စည်းပြီး ဒုက္ခသည်စခန်းအခြေပြု ကရင်ကျောင်းများ၏ **သင်ရိုးကို စံချိန်စံညွှန်းသတ်မှတ်ချက်များ** ချမှတ်ပေးခဲ့ကြသည်။ ကနဦး ကျောင်း ၆ ကျောင်းတွင် ကရင်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား၊ လူမှု သိပ္ပံ၊ သင်္ချာ၊ သိပ္ပံနှင့် ပညာရေးဒဿန ဘာသာရပ်များကို သင်ကြားခဲ့ပါသည်။ ဘာသာရပ်သင်ရိုးများကို ပါဝင်သင်ကြားသည့် ကျောင်းများမှ ဆရာ ဆရာမများနှင့် အခြားအထောက်အပံ့ပေးသော အဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းပြီး ရေးသားခဲ့ကြခြင်းဖြစ်သည်။[၆]

ဤကဏ္ဍက ထိုအချိန်တွင် ရင်ဆိုင်ခဲ့ရသည့် အကြီးဆုံးအခက်အခဲမှာ အထက်တန်းလွန်ကျောင်းပြီးသူ ကျောင်းသူကျောင်းသားများအတွက် အဆင့်မြင့်ပညာရေး အခွင့်အလမ်း မရှိခြင်းပင်ဖြစ်သည်။ အဆင့်မြင့်ပညာရေးအတွက် ပညာသင်ဆုပေးခြင်းမှာ ထိုင်းနိုင်ငံရှိ နိုင်ငံတကာတက္ကသိုလ်အချို့တွင် အရေအတွက် အနည်းငယ်သာရှိပြီး အခြားနိုင်ငံများတွင် ပညာသင်ဆုရခြင်းလည်း အလွန်ရှားပါးပါသည်။ ပညာသင်ဆုရရှိရန် ကြိုးစားရသည့် ပြိုင်ဆိုင်မှုလည်း ပြင်းထန်သည်။ ပြီးဆုံးသူအများစုက ပညာသင်ဆုရလေ့ရှိသော တက္ကသိုလ်ဝင်တန်းအခြေခံသင်တန်း (intensive college foundation course)[၇] ကိုလည်း အလွန်လူကြိုက်များပြီး အပြိုင်အဆိုင် ဝင်တိုးကြရသည်။ နေရာအလွန်နည်းပြီး အပြိုင်အဆိုင်ပြင်းထန်သည့် ဤသင်တန်းအတွင်း ဝင်ခွင့်ရအောင် အထက်တန်းလွန်ကျောင်းအများစုက ဦးတည်သင်ကြားကြသည်။ အခြားပြဿနာတစ်ခုမှာ ကျောင်းတစ်ခုပြီးတစ်ခု လိုက်တက်ခြင်းဖြစ်သည်။

၅။ သို့ရာတွင် ဤအစီအရင်ခံစာ၌ ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်သော ကျောင်းများကိုလည်း (ဘာသာရေး အဆုံးအမများ သီးသန့်သင်ကြားသော ကျောင်းမဟုတ်ပါက ထည့်သွင်းရေတွက်ထားပါသည်။)

၆။ ဤသို့ သင်ရိုး သတ်မှတ်ရေးသားသည့် ပုံစံကို နောက်ပိုင်းတွင် အခြားသော ကျောင်းကွန်ရက်များလည်း အသုံးချလာကြသည်။ ဥပမာ – **ပီဒီအိုင် ကိန်းသာ** နှင့် **မြင်းမိုရ်ဖောင်ဒေးရှင်း**တို့ ဖြစ်ပါသည်။

၇။ ၁၉၉၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဖွင့်လှစ်သင်ကြားခဲ့သော တက္ကသိုလ်ဝင်တန်းအခြေခံသင်တန်းသည် ကျောင်းသား ၂၄ ဦး တစ်သုတ်စီကို GED သင်တန်းများ ပို့ချပေးခဲ့ပြီး သင်တန်းပြီးသူအများစုသည် ထိုင်းတက္ကသိုလ်များတွင် ပညာသင်ဆုအသီးသီး ရရှိကြသည်။ ၎င်းသင်တန်းတွင် သင်တန်း ၈ ကြိမ် ခေါ်ယူသင်ကြားခဲ့ပါသည်။

ကျောင်းသားက ပညာသင်ဆုရလိုသောကြောင့် မရမချင်း အထက်တန်းလွန်ကျောင်း တစ်ကျောင်းပြီးတစ်ကျောင်း လိုက်တက်ခြင်းဖြစ်ပါသည်။ ဤသို့ ပညာရေးနှင့် အလုပ်အကိုင် တက်လမ်းမရှိခြင်းကို ဖြေရှင်းရန် BPEO က အစီအစဉ်တစ်ခု ဆောင်ရွက်ခဲ့သော်လည်း ထိုအစီအစဉ်၏ သက်တမ်းမရှည်ခဲ့ပါ။ အကြီးဆုံးအခက်အခဲမှာ နိုင်ငံသားဖြစ်ခြင်း အထောက်အထားစာရွက်စာတမ်းမရှိသူ ကျောင်းသူ ကျောင်းသားများအတွက် (ထိုစဉ်ကရော ယခုအချိန်အထိပါ) ရွေးစရာအခွင့်အလမ်း အလွန်နည်းပါးခြင်းကြောင့်ဖြစ်သည်။

**အကြီးဆုံးအခက်အခဲမှာ နိုင်ငံသားဖြစ်ခြင်း အထောက်အထားစာရွက်စာတမ်းမရှိသူ ကျောင်းသူ ကျောင်းသားများအတွက် (ထိုစဉ်ကရော ယခုအချိန်အထိပါ) ရွေးစရာအခွင့်အလမ်း အလွန်နည်းပါးခြင်း ဖြစ်သည်။**


ရှိသောအခွင့်အလမ်းများမှာလည်း ရွှေ့ပြောင်းနေထိုင်ရပ်ရွာများ၊ ဒုက္ခသည်စခန်းများနှင့် တိုင်းရင်းသား အဖွဲ့အစည်းအဝန်းအဝိုင်း အတွင်းမှ သင်ကြားရေးနှင့် ကျန်းမာရေးအလုပ်များသာ ရှိပြီး၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အန်ဂျီအိုများတွင် ရှားရှားပါးပါး အလုပ်အခွင့်အလမ်း အနည်းငယ်သာရှိသည်။ တက္ကသိုလ်ပညာသင်ဆုသာ ရရှိပါက ထိုကျောင်းသူ ကျောင်းသား၏ အလုပ်နှင့် တကိုယ်ရေ ဘဝ အခွင့်အလမ်းများစွာ ဆတက်ထမ်းပိုး တိုးတက်သွားနိုင်သည်။ သို့ရာတွင် ပညာသင်ဆုအတွက်လည်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ လိုအပ်လေ့ရှိပါသည်။

Distance Education Programme (DEP) က အဝေးရောက် သင်ကြားခြင်းနှင့် အသိအမှတ်ပြုမှု ပေးအပ်ခြင်းအတွက် ကနဦး ဆောင်ရွက်ချက်တစ်ခုဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) အောက်မှ အမျိုးသား ကျန်းမာရေးနှင့်ပညာရေးဌာနမှ စီစဉ်ခြင်းဖြစ်သည်။




**တက္ကသိုလ်ပညာသင်ဆုသာရရှိပါက ထိုကျောင်းသူ ကျောင်းသား၏ အလုပ်နှင့် တကိုယ်ရေဘဝ အခွင့်အလမ်းများစွာ ဆတက်ထမ်းပိုး တိုးတက်သွားနိုင်သည်။ သို့ရာတွင် ပညာသင်ဆုအတွက်လည်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ လိုအပ်လေ့ရှိပါသည်။**

ပုံ ၄ – မြန်မာနယ်စပ်ဒေသများတွင် အထက်တန်းလွန်ကျောင်းများ အချိန်အလိုက်ပြောင်းလဲတည်ရှိပုံ




၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော DEP အစီအစဉ်တွင် ရပ်ရွာစီမံခန့်ခွဲမှုနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဩစတြေးလျ အဆင့် ၃ အသိအမှတ်ပြုလက်မှတ်ကို တောင်ဩစတြေးလျ နည်းပညာနှင့် သက်ကြီးပညာရေးကောလိပ် (SAT-TAFE) မှ အဝေးရောက်ပေးအပ်ခဲ့သည်။ ဤအစီအစဉ်များကို ကူညီထောက်ပံ့ရန် ဒုက္ခသည်စခန်းများနှင့် မြို့အသီးသီးတွင် အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်သင်ကြားခဲ့ကြသည်။ ထိုသင်တန်းများကို တောင်ဩစတြေးလျ နည်းပညာနှင့် သက်ကြီးပညာရေးကောလိပ် (SAT-TAFE) ၏ ဩစတြေးလျ ဌာနတိုင်းရင်းသားများအတွက် အဝေးရောက်သင်ကြားခြင်း သင်ရိုးများကို မြန်မာနယ်စပ်၊ ရပ်ရွာများနှင့် ကိုက်ညီအောင် ပြုပြင်သင်ကြားခြင်းဖြစ်ပြီး အင်္ဂလိပ်မြန်မာ နှစ်ဘာသာနှင့် ရရှိနိုင်သော သင်ရိုးများဖြစ်သည်။ သို့ရာတွင် ဤအစီအစဉ်ကလည်း အလွန်ကုန်ကျစရိတ်များသည်။ အသိအမှတ်ပြုမှုဖြစ်စဉ်နှင့် ပြင်ပစာမေးပွဲစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်း၊ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများအပြင် စီမံအုပ်ချုပ်မှုစနစ်များမှာ အလွန်ကုန်ကျစရိတ်များသော လုပ်ထုံးလုပ်နည်းများဖြစ်ကြပါသည်။

ပုံ ၄ တွင် မြန်မာနှင့် ထိုင်း၊ တရုတ်၊ အိန္ဒိယနယ်စပ်များမှ အထက်တန်းလွန်ပညာရေးကျောင်းများ ပေါ်ပေါက်တိုးတက်လာပုံကို မြင်နိုင်ပါသည်။[၈] အထက်တန်းလွန်ပညာရေး ကျောင်းအဖြစ် သတ်မှတ်ပုံမှာ တိတိကျကျ ရှင်းရှင်းလင်းလင်း မရှိနိုင်သည့် သဘာဝကြောင့် ဤကိန်းဂဏန်းများမှာ ခန့်မှန်းချက်များသာဖြစ်ပါသည်။ ၁၉၉၅–၂၀၁၃ ကာလအတွက် သတင်းအချက်အလက်များမှာ Curriculum Project (2012) မှ ရယူကိုးကားထားခြင်းဖြစ်ပြီး ၂၀၂၁ ကိန်းဂဏန်းများမှာ ၂၀၂၂ အထက်တန်းလွန် ပညာရေးကဏ္ဍ အွန်လိုင်းညီလာခံ ဖိတ်ခေါ်စာရင်းမှ ကိုးကားထားခြင်းဖြစ်ပါသည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် UNHCR တွင် စာရင်းသွင်းမှတ်ပုံတင်ထားသော ဒုက္ခသည်များအတွက် တတိယနိုင်ငံ ရွှေ့ပြောင်းပို့ဆောင်ခြင်း အစီအစဉ်ကို ထိုင်း–မြန်မာ နယ်စပ်တွင် စတင်ဖွင့်လှစ်ခဲ့ကြသည်။[၉] အထက်တန်းလွန်ပညာရေး ကဏ္ဍဝင် လူအများစုလည်း ပြောင်းရွှေ့သွားခဲ့ကြသည်။ ဒုက္ခသည်စခန်းများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသော ကျောင်းသားများ၊ ဆရာများ၊ စီမံခန့်ခွဲသူများနှင့် နယ်စပ်မြို့များတွင် ပျံ့နှံ့နေထိုင်ကြသော လှုပ်ရှားတက်ကြွသူ အဖွဲ့အစည်းများမှ ခိုလှုံခွင့်ရှာဖွေသူများမှာ ဤအချိန်တွင်

၈။ "နယ်စပ်" ဆိုသည်မှာ မြန်မာနှင့် နယ်နိမိတ်ထိစပ်နေသော နိုင်ငံများအတွင်းမှ တည်နေရာများ (ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို) နှင့် အိမ်နီးချင်းနိုင်ငံများဘက်မှ ပတ်၍ ဝင်ထွက်ရသော မြန်မာနိုင်ငံတွင်း နေရာများကို ဆိုလိုပါသည်။ နယူးဒေလီရောက် မြန်မာရပ်ရွာတစ်ခုနှင့် ထိုမြို့တွင် ပူးပေါင်းဖွင့်လှစ်ပြီး Prospect Burma က တာဝန်ယူဆောင်ရွက်သော ကျောင်းတစ်ကျောင်းလည်း ပါဝင်ပါသည်။ ကချင်ပြည်နယ်မှ ပညာရေး အချက်အချာတစ်ခုဖြစ်သော မိုင်ဂျာယန်မှ ကျောင်းများလည်း ပါဝင်သည်။ ၎င်းက တရုတ် ယူနန်ခရိုင်နှင့် ထိစပ်နေသော နေရာလည်းဖြစ်သည်။

၉။ ၂၀၀၅ ခုနှစ်ကတည်းက **မြန်မာနိုင်ငံမှ ဒုက္ခသည် ၁၃၅ယ၀၀၀ ဦးသည် ထိုင်းနိုင်ငံမှတဆင့်** တတိယနိုင်ငံ ၁၄ နိုင်ငံဆီ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။

ထွက်ပေါက်ရရှိလာကြသည်။ နောက်နှစ်အနည်းငယ်အကြာတွင် နယ်စပ်ကျောင်းများတွင် **ကျွမ်းကျင်သူများ လျော့ပါးဆုံးရှုံးလာခဲ့သည်**။ ဤသို့ အစုအပြုံလိုက် ရွှေ့ပြောင်းကြခြင်း၏ အကျိုးဆက်တစ်ခုမှာ ဒုက္ခသည်အဖြစ် တက္ကသိုလ်ပညာရေး ပညာသင်ဆု ရရှိထားသူပေါင်းများစွာက တက္ကသိုလ်ပညာရေး တဝက်တပျက်နှင့် ကျောင်းထွက်ပြီး တတိယနိုင်ငံများသို့ ပြောင်းရွှေ့ကုန်ကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပညာသင်ဆု ပေးအပ်သူ အလှူရှင်များက ဒုက္ခသည်စာရင်းဝင်သူများကို ပညာသင်ဆုပေးခြင်း ရပ်တန့်လိုက်ကြသည်။ ရွှေ့ပြောင်းနေထိုင်မှု ပြုရန် ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပညာသင်ဆု မရရှိတော့ပေ။ နောက်ပိုင်း နယ်စပ်ဒေသ အထက်တန်းလွန်ကျောင်းများတွင် ငွေကြေးထောက်ပံ့မှု တဖြည်းဖြည်း ရပ်တန့်သွားရခြင်း အကြောင်းပြချက်များတွင် ဤအချက်လည်း ပါဝင်သည်။ မြန်မာပြည်တွင်းတွင် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းလည်းကလည်း တစ်ကြောင်းဖြစ်ပါသည်။ သို့ရာတွင် အမေရိက၊ ကနေဒါ၊ ဩစတြေးလျနှင့် စကင်ဒနေးဗီယန်းနိုင်ငံများသို့ ပြောင်းရွှေ့ပြီး ဘဝသစ်စတင်သူများလည်း ရှိနေသော်လည်း နယ်စပ်သို့ ထွက်ပြေးရောက်ရှိ နေထိုင်သူများ ထပ်တိုး ရောက်ရှိလာကြပြန်ပါသည်။ တိုင်းရင်းသားလူမျိုးစု ဒေသများတွင် ပဋိပက္ခဘေးကို ရှောင်တိမ်းသူများ၊ ဆိုက်ကလုန်းနာဂစ်ကြောင့် အိုးအိမ်နှင့် သက်မွေးလုပ်ငန်း ပျက်စီးသွားသူများ၊ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးနောက်ပိုင်း လှုပ်ရှားတက်ကြွသူများကို ဖမ်းဆီးနှိမ်နင်းမှုကို တိမ်းရှောင်သူများလည်း နယ်စပ်ကို ရောက်ရှိလာကြသည်။ World Education မှ ၂၀၁၇ တွင် ထုတ်ပြန်သော အစီအရင်ခံစာတစ်ခုတွင် **ထိုင်းနိုင်ငံတွင်း ဒုက္ခသည်စခန်းများမှ အထက်တန်းလွန်ပညာရေးကျောင်းများတွင် ကျောင်းသား ၁၅၂၀ ဦး ကျောင်းအပ်တက်ရောက်ခဲ့သည်**ဟု ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံက ရွှေ့ပြောင်းလုပ်သားများကို တဖြည်းဖြည်း မှတ်ပုံတင်ပေးလာခြင်းနှင့် အသိအမှတ်ပြုပေးလာခြင်းတို့ကြောင့် ရွှေ့ပြောင်းလုပ်သားများကို ဦးတည်သည့် ပညာရေး လုပ်ငန်းစဉ်များကို မြို့ငယ်များတွင်ရော မြို့ကြီးများတွင်ပါ တည်ထောင်ခွင့်ရှိလာပါသည်။ ၎င်းတို့သည် အစောပိုင်းတွင်း ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများကိုသာ ဦးတည် သင်ကြားခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အထက်တန်း အဆင့် ပညာရေးအခွင့်အလမ်းများကို လက်လှမ်းမမီနိုင်သည့် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့ခြင်းကြောင့် ကျောင်းသားအရေအတွက် တဖြည်းဖြည်း မြင့်တက် လာခဲ့သည်။ အထူးသဖြင့် အဆင့်မြင့်ပညာရေးတွင် ကျောင်းသား တိုးပွားလာခဲ့သည်။

# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## စန္ဒာလွင်



ကျွန်မက ၂၀၀၈–၂၀၁၀ ခုနှစ် **Wide Horizons** ကျောင်းမှာ တက်ရောက်ခဲ့တဲ့ ကျောင်းသူတစ်ယောက်ပါ။

ထိုင်းနိုင်ငံကို တရားမဝင် ရွှေ့ပြောင်းလုပ်သားအဖြစ် ရောက်လာခဲ့ပါတယ်။ ထိုင်းနိုင်ငံ **Prince of Songkla** တက္ကသိုလ်မှာ **Educational Administration** ဘာသာရပ်နဲ့ ပါရဂူဘွဲ့ကို မကြာသေးခင်ကမှ ပြီးစီးခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်း၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ စစ်ရှောင်စခန်းတွေနဲ့ ဒုက္ခသည်စခန်းတွေက အခွင့်အရေးဆုံးရှုံးနေတဲ့ ကလေးငယ်တွေ၊ လူငယ်လူရွယ်တွေ စဉ်ဆက်မပြတ် ပညာရေးကို လက်လှမ်းမီရရှိနိုင်အောင် ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေး အဖွဲ့အစည်းတွေနဲ့ ကျောင်းတွေမှာ ၁၀ နှစ်ကျော် လုပ်ကိုင်ခဲ့ပါတယ်။ အခြားသူများကို ကူညီရတာကို ခုံမင်နှစ်သက်ပါတယ်။ အထူးသဖြင့် အခွင့်အရေးဆုံးရှုံးရတဲ့ လူအုပ်စုတွေရဲ့ စဉ်ဆက်မပြတ်ပညာရေးကို လက်လှမ်းမီစေရေး ထောက်ပံ့ကူညီရတာကို အလွန်စိတ်အားထက်သန်ပါတယ်။

**Wide Horzons** ကို ကျေးဇူးတင်ပါတယ်ထက် ပိုကောင်းတဲ့စကား ဘာပြောရမလဲဆိုတာနဲ့ ကျွန်မဘယ်လောက် ကံကောင်းသလဲဆိုတာ မပြောပြတတ်တော့ပါဘူး။ **WH** က ကျွန်မ ဒီလောက် ဒီနေရာထိရောက်အောင် သွားနိုင်ဖို့ ကျွန်မကို အသိအမြင်တွေ ဖွင့်ပေးခဲ့တာပါ။

ကျွန်မ ဆက်လက် လက်ဆင့်ကမ်း ကူညီသွားမှာပါ။

## ၂.၂ မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ အဆင့်မြင့်ပညာရေး လမ်းကြောင်းများ သတ်မှတ်ဖော်ထုတ်ခြင်း

၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ပညာပေးသင်ကြားသူများသည် အထက်တန်းလွန်ပညာရေးကျောင်းနှင့် အလားတူကျောင်းများကို စတင်တည်ထောင်ခဲ့ကြပါသည်။ အချို့ကျောင်းများကို နယ်စပ်ကျောင်းများမှ ဘွဲ့ရပြီးသူများနှင့် ဆရာဟောင်းများက တည်ထောင်ခဲ့ပြီး အချို့ကျောင်းများကို နယ်စပ်ကျောင်းအလှူရှင်များက ထောက်ပံ့ပေးခဲ့သည်။ ထိုသို့ မြန်မာနိုင်ငံအခြေစိုက်ကျောင်းများနှင့် အထက်တန်းလွန်ပညာရေးကျောင်းများကြားတွင် အဓိကကွာခြားမှုတစ်ခုရှိသည်။ အထက်တန်းအပြီး အခြားရွေးချယ်စရာမရှိသူများအတွက် ပညာရေးကို ပေးသည်ထက်၊ မြန်မာအခြေစိုက်ကျောင်းများသည် အစိုးရတက္ကသိုလ်ပညာရေး ပုံစံကွဲတစ်ခုပေးခြင်း၊ တက္ကသိုလ်အထောက်အကူပြု ထပ်တိုးပညာရေးပေးခြင်းတို့ကို လုပ်ဆောင်ကြခြင်းပင်ဖြစ်သည်။

၂၀၁၀ မတိုင်မီက ကျောင်းပြင်ပပညာရေးကို ဘာသာရေးအခြေပြု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လူငယ် သင်ယူသူများကို ဦးတည်ပြီး ၎င်းတို့၏ လုပ်ငန်းခွင်သို့မဟုတ် တက္ကသိုလ်ပညာရေးအတွက် ကိုက်ညီမှုရှိစေမည့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ ဗလီကျောင်းများတွင် ဒေသခံလူငယ်များအတွက် ဘာသာစကားသင်တန်းများ၊ ဘာသာစကားတတ်မြောက်မှုနှင့် အခြားဘာသာရပ်သင်တန်းများကို အလျဉ်းသင့်သလို ဖွင့်လှစ်ခဲ့ကြသည်။ ချင်းခရစ်ယာန်တက္ကသိုလ်ကဲ့သို့ ကျမ်းစာကောလိပ်ကျောင်းများစွာကို ကိုးကွယ်ယုံကြည်မှု မတူညီသည့် လူငယ်များအားလုံးအတွက် ဖွင့်လှစ်ခဲ့သည်။ ထိုကောလိပ်များတွင် လူမှုသိပ္ပံဘာသာရပ်နှင့် နိုင်ငံသားပညာရေး အစီအစဉ်များကို ထည့်သွင်းသင်ကြားပေးသည်။

> ဝေဖန်ပိုင်းခြားသုံးသပ်နိုင်ခြင်းနဲ့ တန်းတူညီမျှမှုကို မြှင့်တင်ပေးရင်း မိမိတို့ရဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာရပ်တွေ ရိုးရာမလေ့ကို ထိန်းသိမ်းနေတာလည်း ဖြစ်ပါတယ်။

# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## ဟာဖေးဗန်ဘစ်ခ်



၂၀၁၀ ခုနှစ်ကတည်းက ချင်းခရစ်ယာန်တက္ကသိုလ်မှာ ဌာနမှူးအဖြစ် လုပ်ဆောင်နေပါတယ်။ ဘာသာရေးမဟုတ်တဲ့ ပညာရပ်ဆိုင်ရာ ပထမဘွဲ့ နှစ်ခု ရရှိထားပါတယ်။ ဘာသာရေးဆိုင်ရာ မဟာဘွဲ့နှစ်ခု ရရှိထားပြီး ဟောင်ကောင်နိုင်ငံမှာ ပါရဂူဘွဲ့အတွက် ဆက်လက်တက်ရောက်လေ့လာနေဆဲ ဖြစ်ပါတယ်။


CCU မှာ စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်အပြင် ကျမ်းစာဘာသာရပ်ရော လောကီရေးရာ လေ့လာမှု နှစ်မျိုး သင်ကြားပေးပါတယ်။ ဖက်ဒရယ်နှင့် လစ်ဘရယ်ပညာရေးကို ပေါင်းစပ်သင်ကြားပေးပြီး လူ့အခွင့်အရေးများနှင့် အမျိုးသမီးဝါဒအမြင်ဖြင့် ကျမ်းစာဘာသာရေးကို လေ့လာခြင်း ဘာသာရပ်များကိုပါ သင်ယူနိုင်ပါတယ်။

ဒီတက္ကသိုလ်က ကျေးလက်လူငယ်တွေအတွက် အကုန်အကျနည်းတဲ့ အထက်တန်းပညာရေးကို လက်လှမ်းမီစေတဲ့အပြင် နိုင်ငံခြား အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းချိတ်ဆက်မှုတွေကတဆင့် ကျောင်းသားတွေကို နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ထိတွေ့စေပါတယ်။ ဝေဖန်ပိုင်းခြားသုံးသပ်နိုင်ခြင်းနဲ့ တန်းတူညီမျှမှုကို မြှင့်တင်ပေးရင်း မိမိတို့ရဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာရပ်တွေ ရိုးရာမလေ့ကို ထိန်းသိမ်းနေတာလည်း ဖြစ်ပါတယ်။



အချို့ကျောင်း၊ အဖွဲ့များက အစိုးရကျောင်းပြင်ပရှိ ဖွင့်လှစ်ထားသည့် ဘာသာရေးနှင့် တိုင်းရင်းသား အခြေပြုအခြေခံပညာကျောင်း ကွန်ရက်များတွင် လုပ်ကိုင်နေသည့် သင်ယူသူအခြေပြုသင်ကြားနည်းများကို ရင်းနှီးသော ဆရာ ဆရာမများအတွက် ဆရာအတတ်သင် သင်တန်းများ ဖွင့်လှစ်ပေးပါသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ **ဗြိတိသျှကောင်စီ** နှင့် **အမေရိကန်စင်တာ** များတွင် ဆရာအတတ်သင် သင်တန်းများအပါအဝင် အခြားဘာသာရပ်မျိုးစုံကို သင်ကြားပေးနေပြီး ၎င်းတို့၏ အရည်အသွေးမြင့်မားသည့် သင်ကြားရေးနှင့် သင်ရိုးညွှန်းတမ်းသည်လည်း နာမည်ဂုဏ်သတင်းရှိသည်။ အခွင့်အရေးချို့တဲ့သူများအတွက် သင်တန်းကြေးကို လျှော့ချပေးပြီး ပညာသင်ဆုများရှိသော်လည်း သင်တန်းများမှာ များသောအားဖြင့် ဈေးနှုန်းအလွန်မြင့်မားပါသည်။

၂၀၁၀ ခုနှစ်က မြန်မာနိုင်ငံတွင် ဖြေလျှော့မှုအနည်းငယ်ရှိလာသောကြောင့် ပြင်ပကျောင်းအသစ်များနှင့် အထက်တန်းလွန်ပညာရေးကျောင်း အရေအတွက်များ တစ်ရှိန်ထိုး မြင့်တက်လာခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် တည်ထောင်ခဲ့သည့် အထက်တန်းလွန် ကျောင်းများမှာ ဘားအံ၊ လွိုင်ကော်နှင့် မြစ်ကြီးနားမြို့ တို့တွင် ဖွင့်လှစ်ခဲ့သည့် ကွန်ရက်ကျောင်း ၃ ကျောင်း ဖြစ်သော MCAP ကျောင်းများဖြစ်ကြသည်။ (ယခု ထိုကျောင်းများကွန်ရက်ကို မြင်းမိုရ်ပညာရေးအဖွဲ့ဟု ခေါ်တွင်သည်။) ထိုကျောင်းများကို ဒေသမှ ပညာရေး ဖော်ဆောင်သူများက ယခင်က နယ်စပ်ဒေသရှိ အထက်တန်းလွန်ပညာရေးကျောင်းများကို ဘဏ္ဍာငွေ ထောက်ပံ့ပေးခဲ့သည့် အလှူရှင်များ၊ သင်တန်းပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ အအောင်မြင်ဆုံးဖြစ်သော



# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## အဲလစ်ထွန်း



ကျွန်မက စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်နဲ့ ဘွဲ့ရထားပေမဲ့ ပြီးခဲ့တဲ့ ၁၀ နှစ်လုံး လူငယ်တွေရဲ့ ပညာရေးအတွက် အဓိကထား လုပ်ကိုင်ခဲ့ပါတယ်။ ပညာရေးနယ်ပယ်မှာ ပါဝင်လုပ်ကိုင်ခြင်းက ကျွန်မရဲ့ ရပ်ရွာဒေသကို ကူညီနိုင်တဲ့ အကောင်းဆုံး နည်းလမ်းတွေထဲက တစ်ခုလို့ ယုံကြည်တယ်။

လူငယ်တွေကို သင်ယူမှု အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ သူတို့လုပ်ငန်းခွင်ဆိုင်ရာ ရွေးချယ်မှုတွေ များပြားစေဖို့နဲ့ ရပ်ရွာအဖွဲ့အစည်းမှာ ပါဝင်လုပ်ဆောင်လာစေဖို့ **Level Up Academy (LUA)** ကို ၂၀၁၂ ခုနှစ်က စဖွင့်ခဲ့တာပါ။ ကျောင်းရည်ရွယ်ချက်ကတော့ ကျောင်းသားတွေရဲ့ တတ်ကျွမ်းမှုနှင့် စွမ်းရည်တွေ တိုးတက်လာစေဖို့၊ ရပ်ရွာလူ့အဖွဲ့အစည်းမှာ နိုင်ငံသားဆိုင်ရာ အသိစိတ်နဲ့ ပါဝင်လာစေဖို့၊ ပူးပေါင်းပါဝင်မှုနဲ့ တန်းတူညီမျှမှု မြှင့်တင်ပေးဖို့ ဖြစ်ပါတယ်။

လူငယ်တော်တော်များများအတွက် အစိုးရတက္ကသိုလ် ပညာရေးထက် **(LUA)** က ရွေးချယ်စရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အခုထိ တရားဝင်အသိအမှတ်ပြုထားခြင်း မရှိသေးပေမဲ့ အရည်အသွေးမီ ပညာရေးရှိကြောင်းကို **LUA** နဲ့ ကျောင်းသားဟောင်းများက သက်သေပြပြီးဖြစ်ပါတယ်။

နယ်စပ်ဒေသအခြေစိုက် အထက်တန်းလွန်ပညာရေးကျောင်းများတွင် လုပ်ဆောင်ခဲ့သည့် ပုံစံများအတိုင်း စီမံခန့်ခွဲမှု လုပ်ဆောင်ပြီး တစ်ပြေးညီ သတ်မှတ်ထားသည့် အင်္ဂလိပ်ဘာသာစကား သင်ရိုးညွှန်းတမ်း၊ လူမှုသိပ္ပံဘာသာရပ်များ၊ ရပ်ရွာဖွံ့ဖြိုးရေးဘာသာရပ်၊ အတွက်အချက်၊ ဘဝတွက်တာကျွမ်းကျင်မှုနှင့် နည်းပညာဘာသာရပ်တို့ကို ၎င်းတို့၏ ကာလဒေသနှင့် ကိုက်ညီအောင် ပြင်ဆင်အသုံးပြုခဲ့ကြပါသည်။ တရုတ် မြန်မာ နယ်စပ်ဒေသရှိ ပညာရေးအချက်အချာဖြစ်သော မိုင်ဂျာယန်တွင်လည်း ကျောင်းများ တစ်စတစ်စ ပေါ်များလာနေသည်။ ၂၀၁၅ ခုနှစ်တွင် မိုင်ဂျာယန်၌ ကောလိပ်နှစ်ခု၊ အင်္ဂလိပ်စာ သင်တန်းတစ်ခု၊ ဆရာအတတ်သင်ကောလိပ်နှင့် ဥပဒေကျောင်းတို့ ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။




၂၀၂၂ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် မြန်မာ နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများတွင် အထက်တန်းလွန်ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပါ။ **Olney, Haque and Mubarak** (2022) တွင် ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ အထက်တန်းလွန် ပညာရေးဖွံ့ဖြိုးမှု ပေါ်ပေါက်လာစေသည့် အခြေအနေများကို အသားပေးဖော်ပြထားသည်။ "အကူအညီပေးမှု ကနဦးနှစ်များ အတွင်း အစိုးရကျောင်းစနစ်တစ်ခု မပေါ်လာရခြင်း အဓိက အကြောင်းမှာ အစိုးရက ဒုက္ခသည်များသည် ဘင်္ဂလားဒေ့ရှ်အတွင်း ယာယီသာ နေရာမည်ဖြစ်ပြီး ထိုနေရာများတွင် ကျောင်းများ အတည်တကျ ဖွင့်ရန်မလိုဟု ပြောခဲ့ခြင်းကြောင့်ဖြစ်သည်။ နယ်စပ်ဘက်တွင် ပညာရေးအခွင့်အလမ်း ပေးလိုက်ပါက မြန်မာနိုင်ငံထဲမှ ရိုဟင်ဂျာများ စခန်းဘက်သို့ ပိုလာချင်အောင် ဆွဲဆောင်သကဲ့သို့ ဖြစ်မည်ကိုလည်း စိုးရိမ်ခဲ့ပါသည်။ ရိုဟင်ဂျာများကမူ ထိုအဆိုကို သဘောမတူကြချေ။"

အနောက်ပိုင်းဒေသများကို ဆက်ကြည့်လျှင် Prospect Burma သည် ၁၉၉၈ ခုနှစ်ကတည်းက **အထက်တန်းလွန်ပညာရေးကျောင်းတစ်ခုကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့**တွင် ဖွင့်လှစ်ခဲ့သည်။

၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် အလှူရှင်အများစုက ဒီမိုကရေစီ ပြောင်းလဲမှု ဆက်တိုက်ဖြစ်ပေါ်နေသည်ဟု ယူဆရသော ပြည်တွင်းသို့ ဘဏ္ဍာငွေထောက်ပံ့မှုများကို ပြန်လည် ပြောင်းလဲချပေးလာကြပါသည်။ အကျိုးဆက်အနေနှင့် ဒုက္ခသည်စခန်းများနှင့် နယ်စပ်ဒေသမြို့များရှိကျောင်းများ ပိတ်ခဲ့ကြရသည်။ ကျောင်းအနည်းငယ်ကမူ မြန်မာပြည်တွင်းသို့ ပြန်လည်ပြောင်းရွှေ့လာပြီး ကရင်ပြည်နယ်၊ ကရင်နီနှင့် မွန်ပြည်နယ်တို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြပါသည်။ နယ်စပ်ဒေသနှင့် အခြေအနေ မတူညီသောကြောင့် ဤသို့ ပြောင်းရွှေ့ဖွင့်လှစ်ရခြင်းသည် ခက်ခဲသော အကူးအပြောင်း တစ်ခုပင်ဖြစ်ပါသည်။ ကျောင်းများရင်ဆိုင်ရသည့် ပြဿနာများမှာ အင်တာနက်မရရှိခြင်း၊ လျှပ်စစ်မီးမမှန်ခြင်း၊ နိုင်ငံတကာ ဝန်ထမ်းနှင့် ပရဟိတဝန်ထမ်းများ ကျောင်းတွင် ဆက်မလုပ်နိုင်ကြတော့ခြင်း၊ လုံခြုံရေးပြဿနာနှင့် သယ်ယူပို့ဆောင်ခြင်း အခက်အခဲများဖြစ်သည်။ အခက်အခဲများကြားမှ ကျောင်းအများစုက ဆက်ဖွင့်ထားပြီး ၎င်းတို့၏ သင်ရိုးညွှန်းတမ်းကို လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ပြုခဲ့ကြသည်။

> လူငယ်တွေကို ပညာပေးဖို့နဲ့ မြန်မာနိုင်ငံကလူတွေကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေရရှိအောင် မြှင့်တင်ပေးနိုင်ဖို့ ဆရာအလုပ်ကို ရွေးချယ်ခဲ့ပါတယ်။



# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## စောဝါဝါး (Saw William Wallace Palace)

ကျွန်တော်က ပူဒူပလေယျာ ဂျူနီယာကောလိပ် (**PDJC**) မှ ဒုကျောင်းအုပ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ထိုင်းနိုင်ငံ နို့ဖိုးဒုက္ခသည်စခန်းမှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ မှာ မြန်မာနိုင်ငံရှိ ကရင်ပြည်နယ် ထီးဝါကလုကို ပြောင်းရွှေ့လာခဲ့ပါတယ်။ ကျောင်းရဲ့ ရည်ရွယ်ချက်က လူငယ်တွေကို ပညာပေးခြင်း၊ လူငယ်တွေရဲ့ တတ်ကျွမ်းမှုကို အထက်တန်းပညာရေးအဆင့်ထိ ရရှိစေခြင်းဖြင့် ရပ်ရွာလူ့အဖွဲ့အစည်းကို အထောက်အကူဖြစ်စေဖို့ဖြစ်ပါတယ်။

**PDJC** ကျောင်းကနေ ဒီပလိုမာရရှိခဲ့ပြီး မယ်လ ဒုက္ခသည်စခန်းရှိ ပူတောမန်မိုရီယယ် ဂျူနီယာကောလိပ်မှာ ပညာရေးအထူးပြုတန်း ပြီးစီးခဲ့ပါတယ်။ အဲဒီနောက်မှာ ထိုင်းနိုင်ငံ မယ်ပ ဒုက္ခသည်စခန်းက ကျောင်းသားများကို ဒီပလိုမာပေးတဲ့ ဩစတြေးလျနိုင်ငံ ကတ်သလစ် တက္ကသိုလ်ကို တက်ရောက်ခဲ့ပြီး **PDJC** မှာ အလုပ်လုပ်ခဲ့ပါတယ်။

**PDJC** မှာ မတက်ရောက်ခင် တစ်နှစ်ကြာ စာသင်ကြားခဲ့ပါတယ်။ ကျွန်တော် အလုပ်လုပ်ပေးခဲ့တဲ့ ရပ်ရွာဒေသမှာ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်တွေရှိတဲ့ လူတွေ အပါအဝင် လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကရင်လူ့အဖွဲ့အစည်းကို ပိုမိုကောင်းမွန်စွာ ကူညီနိုင်ဖို့ ပညာထပ်မံလေ့လာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လူငယ်တွေကို ပညာပေးဖို့နဲ့ မြန်မာနိုင်ငံကလူတွေကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေရရှိအောင် မြှင့်တင်ပေးနိုင်ဖို့ ဆရာအလုပ်ကို ရွေးချယ်ခဲ့ပါတယ်။

## ၂.၃ အထက်တန်းလွန် ပညာရေး အသိအမှတ်ပြုမှု

မြန်မာနိုင်ငံ၏ အဆင့်မြင့် တက္ကသိုလ်ပညာရေးကဏ္ဍကို ဆယ်စုနှစ်များစွာ လျစ်လျူရှုထားပြီး အာရုံစိုက်မှုမရှိသည့်အတွက် **ပြန်လည်ပြင်ဆင်မှု အများအပြား လုပ်ဆောင်ရန် လိုအပ်**သည်။ နှောင်းပိုင်း ၂၀၁၀ ပြည့်ခုနှစ်များတွင် အဆင့်မြင့် ပညာရေး ပြုပြင်ပြောင်းလဲမှုအကြံပြုချက်များတွင် ပညာရေးဝန်ကြီးဌာနမှ တက္ကသိုလ် ၁၆ ခုကို လုပ်ပိုင်ခွင့်ပေးအပ်ပြီး တိုးတက်မှုအချို့ ရှိစေမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။ ထိုသို့သာဖြစ်ခဲ့လျှင် **သင်ရိုးညွှန်းတမ်းများ၊ ဝန်ထမ်းခန့်အပ်ခြင်းများနှင့် စီမံခန့်ခွဲမှု**ကို ကိုယ်တိုင်ထိန်းချုပ် လုပ်ဆောင်နိုင်ခွင့်ရသွားမည်ဖြစ်ပြီး အခြား တစ်ဖက်၌ ကျောင်းပြင်ပ ပညာရေး ပံ့ပိုးသူများသည် ကျောင်းနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်ရရှိမည့်အပြင် **လွန်ကဲသည့် ဗျူရိုကရေစီနည်းလမ်းများ**မှ လွတ်လပ်ခွင့်ရသွားမည်ဖြစ်သည်။ သို့သော် ထိုပံ့ပိုးသူများသည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုခြင်း တရာဝင်ခန့်အပ်ခြင်းများ ရရှိမည်မဟုတ်ပေ။ အဆိုပါ ပြုပြင်ပြောင်းလဲမှုသည် အခက်အခဲဖြစ်သလို အခွင့်အလမ်းလည်း ဖြစ်ပေသည်။

သမားရိုးကျ ပညာရေးအစီအစဉ်များနှင့်အတူ **နိုင်ငံသားနှင့် ငြိမ်းချမ်းရေးပညာရေး**၊ လူနည်းစု အခွင့်အရေးများနှင့် အတူယှဉ်တွဲနေထိုင်ခြင်းစသည့် အကြောင်းအရာများကဲ့သို့ **သတ်မှတ်ဖော်ထုတ်ထားသည့် လိုအပ်ချက်များ**ရှိသည်။ “မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းတွင် ဖယ်ကြဉ်ခံ အမျိုးသမီးများ LGBTQ အစုအဖွဲ့များ၊ စက်ရုံလုပ်သားများ၊ လယ်သမားများနှင့် မွတ်ဆလင်များကဲ့သို့ ဖိနှိပ်ခံရသည့် လူနည်းစုများနှင့် အတူ ဘုံအကျိုးစီးပွားကို ရှေးရှုသည့် ရည်မှန်းချက်တစ်ခု အတူပါဝင် ထားရှိကြရန် အလွန်အရေးကြီးသည်။” (**ဇင်ဝေယံ ၂၀၂၂**)

ထို့အပြင် အထက်တန်းလွန်ပညာရေးကျောင်းများသည် အလွတ်ကျက်သင်ယူမှုမဟုတ်သည့် အခြားသင်ယူမှုနည်းလမ်းများကို မိတ်ဆက်ပေးသည်။ ဝေဖန်ပိုင်းခြားသုံးသပ်တတ်ခြင်းအပြင် ဗမာ့သမိုင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဝိသေသ လက္ခဏာရပ်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ရှုထောင့် အမျိုးမျိုးမှ ဖွင့်ထုတ်ဆွေးနွေးခြင်းကို အားပေးသည် (**Loong and Rinehart 2019**)။

၂၀၁၆ ခုနှစ်တွင် ‘ကိုယ်ပိုင်’ ကျောင်းများကို ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအဖြစ် တရားဝင်မှုရှိစေသည့် ကိုယ်ပိုင်/ ပုဂ္ဂလိက ပညာရေးဥပဒေတစ်ရပ်ကို အကြမ်းမျဉ်းပြုစုခဲ့သည်။ ကျောင်းများစွာသည် ထိုသို့ တရားဝင်ဖြစ်စေရေး လိုအပ်ချက်များက လက်တွေ့မကျကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုအချက်များသာမက ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်များကဲ့သို့ အခြားအကြောင်းရင်းခံများက မြန်မာလူငယ်များကို အထက်တန်း ပညာရေး ပံ့ပိုးပေးရာတွင် အစိုးရကျောင်းပြင်ပကဏ္ဍအပေါ် အခက်အခဲများ ဖြစ်ပေါ်စေသည်။ IDP နှင့် ဒုက္ခသည်စခန်းများမှ ဖြည့်စွက်ပညာရေး ပံ့ပိုးသူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ပညာရေးမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို အသိအမှတ်ပြုမှု အကြောင်းအရာများကို **သက်ဇင်စိုး၊ ၂၀၂၀** တွင် အသေးစိတ် ပိုမိုဆွေးနွေးထားသည်။

လက်ရှိတွင် အထက်တန်းလွန်ပညာရေးကျောင်းများသည် ကျောင်း၏ သင်ရိုးညွှန်းတမ်းအပေါ် လုပ်ပိုင်ခွင့်ကို ထိန်းသိမ်းထားရင်း ၎င်းတို့၏ သင်တန်းများကို ငွေအကုန်ကျ သက်သာစွာဖြင့် တရားဝင်အသိအမှတ်ပြုမှုရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။ **ပါရမီတက္ကသိုလ်**၏ ဒါရိုက်တာ ကျော်မိုးထွန်းက



> **အချို့ကျောင်းများက နိုင်ငံတကာ တက္ကသိုလ်များနှင့် မိတ်ဖက်ပူးပေါင်းမှု တဟုန်ထိုး တိုးတက်လာသော်လည်း အထက်တန်းလွန်ကျောင်းများအတွက် ပြင်ပကျောင်းများမှ အသိအမှတ်ပြုမှု မရရှိသေးပါ။**

ပြောထားသည်မှာ တရားဝင်အသိအမှတ်ပြုမှုသည် သင်ယူမှုကို အသိအမှတ်ပြုပေးရန် အရေးကြီးရုံသာမက ကျောင်းတစ်ကျောင်းတွင် "သင့်လျော်သည့် သင်ကြားပို့ချမှု၊ ဘာသာရပ်နယ်ပယ်များ၊ ကျောင်းသူ ကျောင်းသား ထောက်ပံ့ဝန်ဆောင်မှုများနှင့် ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းမှ ပံ့ပိုးပေးသည့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု အရည်အသွေးများရှိကြောင်း အာမခံချက်ရှိရန်လည်း အရေးကြီးပါသည်။ ၎င်းသည် ကျောင်းတစ်ခုက အခြားကျောင်းတစ်ခုကို ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံသည့် အရည်အသွေးရှိကြောင်း အစဉ်မပြတ် သုံးသပ်နေခြင်းဖြစ်သည်။ သို့သော်လည်း **မာရီလော (၂၀၂၁)** က ဒေသအခြေအနေအခင်းအကျင်း၏ လိုအပ်ချက်အတိုင်း သင်ကြားပို့ချခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပညာသင်ဆုများရရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းအကြား ဟန်ချက်ညီရန် လိုအပ်ကြောင်း သတိပေးထောက်ပြထားသည်။ ကျောင်းသူ ကျောင်းသားများ (နှင့် ဆရာ ဆရာမများ) အနေဖြင့် ဘာသာရပ်ဆိုင်ရာ နှုန်းစံများ၊ ခေါင်းစဉ်များနှင့် အခြေအနေအခင်းအကျင်းများနှင့် မရင်းနှီးသည့်အခါ မိခင်ဘာသာစကားမဟုတ်သည့် ဒုတိယ၊ တတိယ သို့မဟုတ် ထိုထက်ပိုသည့် ဘာသာစကားများနှင့် သင်ယူမှုလုပ်ဆောင်ရသည့်အခါ နိုင်ငံတကာပညာရေး အစီအစဉ်များ၊ သင်ကြား သင်ယူမှုရင်းမြစ်များနှင့် အကဲဖြတ်ဆန်းစစ်မှုများစွာတို့သည် ကျောင်းသူ ကျောင်းသားများ (နှင့် ဆရာ ဆရာမများ) အပေါ် ဝန်ပိစေနိုင်သည်။[၁၀]

ကိုယ်ပိုင်/ပုဂ္ဂလိက ကဏ္ဍတွင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုရရှိထားသည့် ဘာသာရပ်သင်တန်းများ ဖွင့်လှစ်ထားသော်လည်း ထိုသင်တန်းများကို တက်ရောက်ရန် ငွေကြေးတတ်နိုင်သူ သိပ်မရှိပါ။ မြန်မာနိုင်ငံမှ ကျောင်းသူ ကျောင်းသားများကို နိုင်ငံတကာတက္ကသိုလ်အဆင့် ပညာရေးများ အခမဲ့ ပံ့ပိုးနေသည့် အစီအစဉ်နှစ်ခုကို Open University Australia (approx 2008-2020) နှင့် the Australian Catholic University (approx. 2007-2021) မှ ဖွင့်လှစ်ပေးထားသည်။

အချို့ကျောင်းများက နိုင်ငံတကာ တက္ကသိုလ်များနှင့် မိတ်ဖက်ပူးပေါင်းမှု တဟုန်ထိုး တိုးတက်လာသော်လည်း အထက်တန်းလွန်ကျောင်းများအတွက် ပြင်ပကျောင်းများမှ အသိအမှတ်ပြုမှု မရရှိသေးပါ။ Payap University Thailand's Center for Social Impact သည် **လူမှုရေး စွန့်ဦးတီထွင်မှုနှင့် ရပ်ရွာဖွံ့ဖြိုးရေးဘာသာရပ်များအတွက် အသိအမှတ်ပြုလက်မှတ်**ပေးအပ်သည်။ ထိုအသိအမှတ်ပြုလက်မှတ်အတွက် ကျောင်းတစ်ကျောင်းမှ ကျောင်းသူ ကျောင်းသား တစ်သုတ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ကောက်ခံသည်။ သို့သော်လည်း အခြားတက္ကသိုလ်များသည် အထက်တန်းလွန်ပညာရေးကျောင်းများမှ ကျောင်းသား တစ်ဦးချင်းနှုန်းဖြင့် ကောက်ခံသောကြောင့် သိသိသာသာ ပို၍ဈေးများသည်။

ထိုသို့ တရားဝင်အသိအမှတ်ပြုမှု မရှိသည့်အတွက် ထိုကျောင်းများမှ ဘွဲ့ရထားသူများအနေဖြင့် အစိုးရဌာနများတွင် အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရန် အာမခံချက်မရှိပေ။ အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခု ရရှိရန် အထက်တန်းလွန်ပညာရေးကျောင်းသားများစွာသည် **အဝေးသင်တက္ကသိုလ်ပညာရေးအစီအစဉ်များ[၁၁] နှင့် အစိုးရတက္ကသိုလ် အဝေးသင်ပညာရေးကို ပူးတွဲတက်ရောက်**လေ့လာကြသည်။ အထက်တန်းလွန်ပညာရေးကျောင်းများသည် ထိုအစီအစဉ်များအတိုင်း ၎င်းတို့၏ အချိန်ဇယားများကို လိုက်လျောညီထွေ ပြင်ဆင်ကြသည်။

---

၁၀။ ၂၀၁၂ ခုနှစ်တွင် ထိုင်း–မြန်မာနယ်စပ်ရှိ အထက်တန်းလွန်ပညာရေးကျောင်းများကို ဝင်ရောက်လာသည့် ကျောင်းသူ ကျောင်းသားများသည် ပျမ်းမျှအားဖြင့် **အင်္ဂလိပ်စာတတ်ကျွမ်းမှု အခြေခံအဆင့်** (A1/2) ရှိထားကြသည်။ ၎င်းသည် လက်ရှိ နှစ်ကာလများအတွင်း ပြောင်းလဲသွားကြောင်း သို့မဟုတ် မြန်မာနိုင်ငံအတွင်းတွင် ပြောင်းလဲနေကြောင်း ပြောပြထားသည့် သက်သေအထောက်အထားမရှိပေ။

၁၁။ မြန်မာနိုင်ငံ တက္ကသိုလ်များ၏ အဝေးသင်ပညာရေးအစီအစဉ်များသည် တက္ကသိုလ်အနီးတွင် နေထိုင်ရန် မတတ်နိုင်သည့် ကျောင်းသူ ကျောင်းသားများအတွက် သမားရိုးကျမဟုတ်သည့် အဆင့်မြင့်တက္ကသိုလ်ပညာရေးကို ပံ့ပိုးပေးပြီးဖြစ်သည်။ ၂၀၁၀ နှောင်းပိုင်းတွင် ကျောင်းသားဦးရေ ၅၀၀၀၀၀ ကျောင်းအပ်နှံခဲ့သည်။



## ၂.၄ အွန်လိုင်း လုပ်ငန်းများ စတင်လာခြင်း

၂၀၂၁ ခုနှစ်တွင် ကပ်ရောဂါနှင့် နိုင်ငံရေး အုံကြွမှုကြောင့် အွန်လိုင်းပညာရေး နည်းလမ်းများ ပေါ်ပေါက်လာခဲ့သည်။ အွန်လိုင်းကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အဖွဲ့အစည်းများ အရေအတွက်များပြားစွာ ဖွင့်လှစ်လာကြသည်။ တက္ကသိုလ် ဆရာ ဆရာမများ သို့မဟုတ် ကျောင်းသူ ကျောင်းသားများက **ဖွဲ့စည်းဖွင့်လှစ်ကြပြီး** ထိုကျောင်းများသည် လုံခြုံသော ကျောင်းပညာရေးကို လက်လှမ်းမမီသူများအတွက် **ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးသည်**။ ကျောင်းဝင်ကြေးမှာ နည်းသော်လည်း ပူးပေါင်းပါဝင်နိုင်မှုသည် **ကောင်းမွန်လုံလောက်သော အင်တာနက်** လက်လှမ်းမီမှုအပေါ် မူတည်သည်။ လက်ရှိတွင် ထိုသို့ လည်ပတ်နေသည့် ကျောင်းအရေအတွက်နှင့် နယ်ပယ်အတိုင်းအတာကို ဖော်ထုတ်ရန် ခက်ခဲသော်လည်း လူတွေ့ သင်ကြားပို့ချမှုပြုခဲ့ပြီး ယခု အွန်လိုင်းပြောင်းသွားသည့် ကျောင်းများကိုလည်း ထည့်ရေတွက်ရပါမည်။ သင်ကြားပို့ချရန် စာသင်ခန်းနေရာ မလိုအပ်သည့်အတွက် ကျောင်းတည်ထောင်စရိတ်နှင့် ဝန်ထမ်းလိုအပ်မှုမှာ သိသိသာသာ လျော့နည်းနေမည်ဖြစ်သည်။ သို့ရာတွင် **အွန်လိုင်းသင်ကြားသင်ယူမှုဆိုင်ရာ နည်းပညာနှင့် သင်ကြားနည်း ကျွမ်းကျင်မှုရှုထောင့်များ**သည် ကျောင်းများ၊ ကျောင်းသူ ကျောင်းသားများနှင့် ထောက်ပံ့အဖွဲ့အစည်းများအတွက် သင်ယူမှုအတွေ့အကြုံ အချိုးအကွေ့တစ်ခု ဖြစ်စေခဲ့သည်။

လက်ရှိသုတေသနစာတမ်းတွင်[၁၂] အကျိုးအမြတ်အတွက် မဟုတ်သော အွန်လိုင်းတက္ကသိုလ် ၁၀ ခုကို ၂၀၂၀ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ဆောက်ခဲ့ကြောင်း ညွှန်ပြထားသည်။ လူချင်းတွေ့ သင်ကြားပို့ချမှု ပြီးစီးစေရန် အွန်လိုင်းသင်တန်းများကို ပူးတွဲ ပို့ချနေသည့် ကျောင်းများနှင့် လုံခြုံရေးအခြေအနေများ မတည်ငြိမ်ခင် ယာယီအွန်လိုင်းမှ သင်ကြားပို့ချနေသော ကျောင်းများ မပါဝင်ပါ။

၁၂။ ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်ကြေညာခြင်းမရှိသေးသည့် အထက်တန်းလွန်ပညာရေးလမ်းညွှန် (ဆက်လာမည့်) နှင့် ၂၀၂၂ ခုနှစ် အထက်တန်းလွန်ပညာရေးညီလာခံသို့ ဖိတ်ခေါ်စာရင်းတွင် စုဆောင်းပြုစုထားသည်။

# ၃ – အထက်တန်းလွန် ပညာရေးကဏ္ဍအတွက် လက်ရှိအခက်အခဲများ

အထက်တန်းလွန် ပညာရေးကဏ္ဍ၏ ဇာစ်မြစ် အကြောင်းအရင်းများတွင် ၎င်းတို့ ဆက်တိုက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအချို့ကို ဖော်ပြထားသည်။

- တရားဝင် အသိအမှတ်ပြုမှုမရှိခြင်း
- ရှင်းလင်းသည့် ပညာရေးဆိုင်ရာ လုပ်ငန်းဆိုင်ရာ လမ်းကြောင်းများ မရှိခြင်းနှင့်
- အလှူရှင်များ၏ ဦးစားပေးများ ပြောင်းလဲခြင်း

၂၀၂၀ ခုနှစ်ကတည်းက စိန်ခေါ်မှုအသစ်များ ပေါ်ပေါက်လာခဲ့သည်။ ငွေကြေးမှီခိုမှုသည် အကျိုးအမြတ်မယူသည့် အထက်တန်းလွန်ပညာရေးကျောင်းများ ဆက်လက်ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ ငွေကြေးကြွယ်ဝသည့် ကျောင်းသားတစ်ဦးချင်းထံမှ ကျောင်းဝင်ကြေးများများ ကောက်ခံသည့် ကိုယ်ပိုင်ကျောင်းများ၊ သို့မဟုတ် အလှူငွေ လက်ခံရရှိသည့် ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်သည့် ကျောင်းများနှင့် မတူဘဲ အထက်တန်းလွန်ပညာရေးကျောင်းများသည် အများအားဖြင့် နိုင်ငံတကာ ထောက်ပံ့ကူညီရေး အဖွဲ့အစည်းများ ပရဟိတအဖွဲ့အစည်းများမှတစ်ဆင့် ပြင်ပထောက်ပံ့ငွေများအပေါ် မှီတည်ရသည်။ လက်လှမ်းမီနိုင်မှုကို ဦးစားပေးသည့် ကျောင်းများသည် ကျောင်းဝင်ကြေး အနည်းဆုံးမှ အခမဲ့အထိဖြစ်သည်။ ထို့ကြောင့် ငွေကြေးအခက်အခဲသည် ကျောင်း၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ပြဿနာအသစ်များကို တုံ့ပြန်ရာတွင် အကန့်အသတ်ဖြစ်စေသည်။ အရေးပေါ်ရပ်တည်ရန် ခက်ခဲလာသည့်အခါမှသာသုံးရန် ထောက်ပံ့ငွေလျှောက်ထားခြင်း၊ အစီရင်ခံစာရေးခြင်းနှင့် အလှူရှင်များနှင့် ဆက်ဆံခြင်းတို့ လုပ်ဆောင်ရန်အတွက်

**ပြင်ပရန်ပုံငွေထောက်ပံ့သူများက အမြဲထောက်ပံ့နေလိမ့်မည်ဟု ယုံကြည်အားကိုးထားခြင်းက ရေရှည်အတွက်မကောင်းပါ။ သို့ရာတွင် နိုင်ငံအများစု၌ ဝင်ငွေနည်းသည့် လူငယ်များကို ပညာပေးရန် ရင်းမြစ်များကို အစိုးရကသာ ထောက်ပံ့ခြင်းဖြစ်သည်။**



လူ့စွမ်းအားအရင်းမြစ်များ လိုအပ်သည်။ သို့သော်လည်း ထိုကဲ့သို့ဌာနများ ထပ်မံထားရှိရန် လူအင်အားလုံလောက်မှု မရှိကြပါ။ ပြင်ပရန်ပုံငွေထောက်ပံ့သူများက အမြဲထောက်ပံ့ နေလိမ့်မည်ဟု ယုံကြည်အားကိုးထားခြင်းက ရေရှည်အတွက် မကောင်းပါ။ သို့ရာတွင်[၃၃] နိုင်ငံအများစု၌ ဝင်ငွေနည်းသည့် လူငယ်များကို ပညာပေးရန် ရင်းမြစ်များကို အစိုးရကသာ ထောက်ပံ့ခြင်းဖြစ်သည်။ ၎င်းသည် တရားမျှတပြီး သာတူညီမျှ ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အတွက် မရှိမဖြစ် လိုအပ်လှသည်။

ကျွမ်းကျင်သည့် ဆရာ ဆရာမများ နည်းပါးခြင်းသည် ကျောင်းနှင့် ကျောင်းပြင်ပ အဖွဲ့အစည်းများအတွက် နိုင်ငံနှင့်ချီသည့် ပြဿနာတစ်ခုဖြစ်သည်။ **ချင်းပြည်နယ်တွင် လုပ်ဆောင်ခဲ့သည့် သုတေသနအရ** ကျွမ်းကျင်သည့် ဆရာ ဆရာမများ မလုံလောက်ခြင်းသည် အထက်တန်းလွန် ပညာရေးကျောင်းများ ရင်ဆိုင်နေရသည့် အကြီးမားဆုံး ပြဿနာများထဲမှ တစ်ခုဖြစ်သည်။ ဆရာ ဆရာမများက အစိုးရကျောင်းပြင်ပ အဖွဲ့အစည်းများမှ အလုပ်အကိုင်များသည် အစိုးရကျောင်းများမှ အလုပ်အကိုင်များလောက် မတည်ငြိမ်ဟု မှတ်ယူကြသည်။ ထိုအလုပ်များသည် အစိုးရအလုပ်များကဲ့သို့ ဝန်ထမ်းအိမ်ရာနှင့် ပင်စင်ခံစားခွင့် အစီအစဉ်များ မပါရှိပါ။

---

၃၃။ အကျိုးဆက်အနေဖြင့် အလှူရှင်များက အထက်တန်းလွန်ပညာရေးကဏ္ဍအတွင်း အာဏာကို ကိုင်စွဲထားပြီး စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်အမျိုးမျိုးကို ပုံသွင်းဖန်တီးခဲ့ကြသည်။



## ၃.၁ ၂၀၂၀ ခုနှစ် ကိုဗစ် ၁၉ ကပ်ရောဂါ ကာလအတွင်း စိန်ခေါ်မှု အခက်အခဲများ

မတ်လ ၂၀၂၀ ခုနှစ် မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ပထမဆုံး တွေ့ရှိကြောင်း ကြေညာပြီးနောက် အစိုးရက လူစုလူဝေး မပြုလုပ်ရန် တားမြစ်လိုက်သောကြောင့် ကျောင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအားလုံးရပ်တန့်လိုက်ရသည်။ ထိုအချိန်သည် အစိုးရ တက္ကသိုလ်များမှ ကျောင်းသူ ကျောင်းသားများသည်လည်း **နှစ်လယ်စာမေးပွဲ** ဖြေဆိုနေဆဲ ကာလဖြစ်ပြီး အထက်တန်းလွန် ပညာရေးကျောင်းများမှ ကျောင်းသူ ကျောင်းသားများအတွက်လည်း အလားတူပင် ဖြစ်သည်။ ချင်းပြည်နယ်မှ ပရဟိတတက္ကသိုလ်တစ်ခုတွင် စာမေးပွဲကို အွန်လိုင်းပေါ်တွင် ပြောင်းလဲကျင်းပခဲ့ရသည်။ တချို့ကျောင်းများမှာ ကျောင်းဖွင့်စရက်သတ္တပတ်အတွင်း ကျောင်းသားများကို ကျောင်းနှင့်ရင်းနှီးအောင် မိတ်ဆက်နေဆဲ ကာလ လမ်းခုလတ်၌ပင် ကျောင်းလုပ်ငန်းများကို ရပ်တန့် လိုက်ရသည်။ နွေရာသီသင်တန်းကျောင်းများ ပိတ်ခဲ့ရပြီး ကျောင်းဝန်းအတွင်း နေထိုင်ကြသည့် ကျောင်းသူ ကျောင်းသားများကိုလည်း အိမ်ပြန်လွှတ်ခဲ့ရသည်။

စည်းမျဉ်းအသစ်၊ ကန့်သတ်ချက်အသစ်တွေကြားထဲကပင် ကျောင်းများတွင် အွန်လိုင်းသင်ကြားမှုကို စတင်စမ်းသပ်ခဲ့ရသည်။ **၂၀၁၀ နှောင်းပိုင်း အထက်တန်းလွန်ပညာရေးကျောင်းများ ဆိုင်ရာ စစ်တမ်း**တစ်ခုတွင် အခြေအနေအသစ်များနှင့် လိုက်လျောညီထွေမဖြစ်သည့် လိုအပ်သော အထောက်အပံ့ပစ္စည်းများမရှိခြင်း၊ အင်တာနက် မရရှိခြင်းတို့ကြောင့် ကျောင်းနှစ်ကျောင်း ပိတ်လိုက်ရပြီး ကျောင်းလေးကျောင်းသာ ကျောင်းသူ ကျောင်းသားဦးရေ လျှော့ချပြီး လူတွေ့စာသင်ခန်းများ ဆက်လက်ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းအများစုသည် အွန်လိုင်းသင်ကြားပို့ချမှုအပေါ် မှီခိုခဲ့ရသည်။

ဖြစ်နိုင်ခြေအသစ်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်နေစဉ် အွန်လိုင်းသင်ကြားသင်ယူမှုသည် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအတွက်သာမက ကျောင်းစီမံခန့်ခွဲမှုကဏ္ဍ အတွက်ပါ မကြုံစဖူး စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့သည်။

မြန်မာလူငယ်အများစုမှာ အီလက်ထရောနစ် ဆက်သွယ်ရေး အတွက် မိုဘိုင်းဖုန်းကို အားပြုအသုံးပြုကြသည်။ ကိုယ်ပိုင် ကွန်ပျူတာအသုံးပြုနိုင်သည့် ကျောင်းသူ ကျောင်းသားများနှင့်



ဆရာ ဆရာမများမှာ လူနည်းစုသာဖြစ်သည်။[၁၄] အွန်လိုင်းသင်ယူမှုသည်သာ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်လာသည့်အခါ အွန်လိုင်းသင်ယူမှုအတွက် လိုအပ်သည့် စက်ပစ္စည်းများရှိထားရန်မှာ ကျောင်းသူ ကျောင်းသားများအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ သင်ယူမှု အပ်ပလီကေးရှင်းများကို ဖုန်းဟောင်းထဲတွင် ထည့်ရသည်မှာ ခက်ခဲလှသည်။ ပိုမိုခေတ်မီသည့် မိုဘိုင်ဖုန်းတစ်လုံး သို့မဟုတ် ကွန်ပျူတာတစ်လုံး ဝယ်ရသည်မှာ ဈေးကြီးလှသည့်အပြင် စီးပွားရေးအကျပ်အတည်းများနှင့် ကပ်ဘေးကာလအတွင်း ခရီးသွားလာပို့ဆောင်မှု အခက်အခဲများလည်း ရှိသေးသည်။

ကျေးလက်ဒေသမှ ကျောင်းသူ ကျောင်းသားများမှာ လျှပ်စစ်မီးနှင့် အင်တာနက် လက်လှမ်းမီရရှိရန် ခက်ခဲလှသည်။ ကျောင်းသူ ကျောင်းသား အချို့မှာ အင်တာနက်၊ လျှပ်စစ်မီးရရှိသည့် အခြားရွာသို့ သွား၍ အတန်းတက်ရသည်။ ကပ်ဘေးကာလအတွင်း စီးပွားရေးကျဆင်းမှုများ ဆိုးရွားပြီးဖြစ်လင့်ကစား အင်တာနက်ကုန်ကျစရိတ်များကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဖိအားများ ပိုများလာသည်။

၁၄။ ကျောင်းအတော်များများတွင် ပြင်ပမှလှူထားသည့် ဒက်စတော့ကွန်ပျူတာများနှင့် လပ်တော့များ ရှိထားသော်လည်း စက်ပစ္စည်းထိန်းသိမ်းရန် နည်းပညာကျွမ်းကျင်သူများ မရှိသည့်အတွက် ၎င်းတို့ကို အသုံးမပြုဘဲပစ်ထားသည်မှာ ကြာပြီဖြစ်သည်။

မြန်ဆန်လွန်းလို့ အံ့သြရပါတယ်။ ကျွန်တော်တို့လည်း အွန်လိုင်းက သင်ကြားသင်ယူမှုကို ပြောင်းသုံးရတာပဲ။ ဒီတစ်နည်းပဲ ရှိတော့တာကိုး။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ကွာဟချက်လို့ခေါ်တဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေကို သုံးစွဲနိုင်စွမ်း အနိမ့်အမြင့် လူအမျိုးမျိုးကြားမှာ အလွန်ကွာဟတဲ့အတွက် အွန်လိုင်း သင်ကြားသင်ယူမှု နည်းလမ်းတွေကို စတင်ကျင့်သုံးဖို့ မနည်းကြိုးစားကြရတာပါ။ ဆရာ ဆရာမတွေအတွက် အင်မတန်ခက်ခဲတဲ့ ရှန်းကန်မှုပါ။ ဒါပေမယ့် ကြိုးစားရကျိုး အင်မတန်နပ်တဲ့ ကြိုးစားမှုလည်း ဖြစ်ပါတယ်။

(ကောင်းလှဇံ၊ သင်တန်းဆရာ၊ မုခ်ဦး ပညာရေး)

---

အချို့ကျောင်းများသည် ကျောင်းသူ ကျောင်းသားများကို အင်တာနက်ကုန်ကျစရိတ် ထောက်ပံ့နိုင်ပြီး အချို့ကျောင်းများတွင် ကျောင်းသူ ကျောင်းသားများကို ပိုမိုကောင်းမွန်သည့် အင်တာနက်နှင့် လျှပ်စစ်မီးရရှိနိုင်မည့် မြို့ပြနေရာများသို့ ပြောင်းရွှေ့ပေးသည်။

အင်တာနက်ချိတ်ဆက်မှုအားနည်းခြင်းသည် ကျေးလက်ဒေသမှ ကျောင်းသူ ကျောင်းသားများသာမက အားလုံးကြုံတွေ့ရသည့် ကြီးမားသည့် အခက်အခဲတစ်ခုဖြစ်သည်။ စစ်တမ်းကောက်ခဲ့သည့် ကျောင်းများအားလုံးထဲမှ ကျောင်းတစ်ဝက်နီးပါးသည် ၎င်းတို့၏ အကြီးမားဆုံး စိန်ခေါ်မှုအခက်အခဲများထဲမှ တစ်ခုမှာ အင်တာနက်ချိတ်ဆက်မှုဖြစ်ကြောင်း ဖြေဆိုခဲ့သည်။ ဝိုင်ဖိုင်အသုံးပြုနေသူများကပင်လျှင် အင်တာနက်ချိတ်ဆက်မှု နှေးကွေးသည့် ပြဿနာကို ကြုံနေကြရသည်။ အိမ်မှာနေရင်း အလုပ်လုပ်ရသည့်အတွက် လူများအားလုံး ကျောင်းများအားလုံးသည် ဝိုင်ဖိုင်ကို တစ်ချိန်တည်း စုပြုံသုံးကြသည်။

သင်ကြားမှုပုံစံအသစ်၊ သင်ယူမှုပုံစံအသစ်နှင့် အသားကျအောင် လုပ်ဆောင်ရသည့်အခါ အချိန်နှင့်လေ့ကျင့်မှု လိုအပ်သည်။ ထို့ကြောင့် လူချင်းတွေ့သင်ကြားမှုကို အသားကျနေခဲ့သည့် ဆရာ ဆရာများနှင့် ကျောင်းသူ ကျောင်းသားများအတွက် စိတ်ဖိအားများ ဖြစ်ပေါ်စေခဲ့သည်။ သင်ယူမှုအပ်ပလီကေးရှင်း အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးနှင့် လုပ်ဆောင်ပုံအမျိုးမျိုးကို ရင်းနှီးစွာအသုံးပြုတတ်ရန် ကြိုးစားရသည်မှာလည်း စိန်ခေါ်မှုတစ်ခုဖြစ်သည်။ သင်တန်းပို့ပိုးသူများ အနေနှင့်လည်း အွန်လိုင်းနည်းပညာနှင့် အွန်လိုင်း သင်ကြားပို့ချမှုဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ခြင်းများ လုပ်ဆောင်ရခြင်းမှာ အလွန်ခက်ခဲရှန်းကန်ရသည့် အရာဖြစ်ကြောင်းတွေ့ရှိရသည်။ တစ်ချိန်တည်း၌ စစ်တမ်းကောက်ရာတွင်ပါဝင်ခဲ့သည့် ကျောင်းများစွာသည်လည်း အွန်လိုင်းသင်ယူမှုပလက်ဖောင်းများအသုံးပြုနည်း သင်တန်းများရရှိရန် တောင်းဆိုခဲ့ကြသည်။ "မြန်ဆန်လွန်းလို့ အံ့သြရပါတယ်။ ကျွန်တော်တို့လည်း အွန်လိုင်းက သင်ကြား သင်ယူမှုကို ပြောင်းသုံးရတာပဲ။ ဒီတစ်နည်းပဲ ရှိတော့တာကိုး။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ကွာဟချက်လို့ခေါ်တဲ့ ဒစ်ဂျစ်တယ် နည်းလမ်းတွေကို သုံးစွဲနိုင်စွမ်း အနိမ့်အမြင့် လူအမျိုးမျိုးကြားမှာ အလွန်ကွာဟတဲ့အတွက် အွန်လိုင်း သင်ကြားသင်ယူမှု နည်းလမ်းတွေကို စတင်ကျင့်သုံးဖို့ မနည်းကြိုးစားကြရတာပါ။ ဆရာ ဆရာမတွေအတွက် အင်မတန်ခက်ခဲတဲ့ ရှန်းကန်မှုပါ။ ဒါပေမဲ့ ကြိုးစားရကျိုး အင်မတန်နပ်တဲ့ကြိုးစားမှုလည်း ဖြစ်ပါတယ်။"

အမျိုးမျိုးသော ဖိအားများ၊ ကပ်ရောဂါကြောင့် ဖြစ်ပေါ်သော မရေရာမှုများအပြင် အဆိုပါ အခက်အခဲများကြောင့် ကျောင်းသူ ကျောင်းသားများ၏ သင်ယူလိုစိတ် ကျဆင်းလာကြသည်။ မျက်နှာချင်းဆိုင် လူကိုယ်တိုင် တက်ရောက်ရသော သင်တန်းများ၊ ဆရာ ဆရာမနှင့် အချိန်တိုင်း အနီးကပ် ကြီးကြပ်မှုတို့နှင့် အသားကျနေသူက အများစုဖြစ်သောကြောင့် ၎င်းတို့က အွန်လိုင်း သင်ယူမှုကို စိတ်ဝင်စားတက်ကြွဖွယ်ဟု မထင်မြင်ကြပါ။ ထို့ပြင် ဆရာ ဆရာမ အချို့က အွန်လိုင်းသင်ကြားမှုသည် အစဉ်အလာ သင်ကြားမှု ပုံစံများနှင့်ယှဉ်လျှင် **အကျိုးရှိသင့်သလောက် မရှိဟု** ထင်မြင်ကြသည်။ ထို့ကြောင့် ဆရာများ၏ စိတ်အားထက်သန်မှုလည်း လျော့ကျလာခဲ့သည်။

## ၃.၂ မကြုံစဖူး စိန်ခေါ်မှုများ

၂၀၂၁ နိုင်ငံရေးအုံကြွမှုနောက်ဆက်တွဲများအနေနှင့် ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများစွာတို့မှာ လှုပ်ရှားမှုအမျိုးမျိုးတွင် ဝင်ပါကြသောကြောင့် **ရိုက်ခတ်မှု အခံရဆုံးသော အခန်းကဏ္ဍ**တစ်ခုမှာ အဆင့်မြင့်ပညာရေး ကဏ္ဍပင်ဖြစ်သည်။ ၂၀၁၈–၂၀၁၉ အချက်အလက်များအရ အစိုးရအဆင့်မြင့်ပညာရေးကဏ္ဍတွင် အလုပ်လုပ်နေသော တက္ကသိုလ်ဆရာပေါင်း ၂၁,၀၀၀ ခန့် ရှိခဲ့သည်။ ၂၀၂၁ မေလအကုန်အတွင် – ၎င်းတို့အနက်မှ ၉၀% နီးပါးဖြစ်သော – **တက္ကသိုလ်ဆရာ ၁၉,၀၀၀ ခန့်** အလုပ်ရပ်နားခြင်းခံခဲ့ရသည်။

အစိုးရမဟုတ်သော ပညာရေး ကဏ္ဍသည်လည်း ယခင်က မကြုံစဖူး စိန်ခေါ်မှုများစွာကို ကြုံတွေ့လာရသည်။ ၂၀၂၁ ခုနှစ် အလယ်ပိုင်းတွင် အထက်တန်းလွန်ပညာရေးကျောင်း၌ ကျောင်းသား သုံးပုံ နှစ်ပုံခန့် ကျောင်းထွက်သွားကြခြင်းကို ကြုံတွေ့ခဲ့သည်။ ကရင်နီကဲ့သို့ ပဋိပက္ခ ဖြစ်ပွားဆဲဒေသများတွင် ဖွင့်လှစ်သင်ကြားနေသော ကျောင်းအချို့ လုံးဝပိတ်လိုက်ကြရပြီး အချို့ကျောင်းများမှာ ဘေးကင်းရာ ပြောင်းရွှေ့ဖွင့်လှစ်ရန် စဉ်းစားလာရသည်။ မိသားစုအတွက် ဝင်ငွေရှာဖွေရန် လိုအပ်လာသောကြောင့် ကျောင်းသားများ ကျောင်းထွက်ရခြင်းလည်းရှိသည်။ မြန်မာနိုင်ငံက တစ်နိုင်ငံလုံး၏ လူမှုစီးပွားအခြေအနေများကို ချည့်နဲ့သွားစေသည့် နှစ်ထပ်ကွမ်းအကျပ်အတည်း၊ (နိုင်ငံရေးအကျပ်အတည်းနှင့် ပြည်သူ့ကျန်းမာရေး ပြဿနာ အကျပ်အတည်း) ကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ကျောင်းသားများသည်လည်း နိုင်ငံခြားထွက် အလုပ်လုပ်ပြီး မိသားစုကို ထောက်ပံ့ရခြင်း၊ ပိုမို ဘေးကင်းမည်ထင်ရသည့် အခြားနေရာများသို့ ရွှေ့ပြောင်းနေထိုင်ရခြင်းများ ရှိခဲ့သည်။ ဤသို့ အခက်အခဲများကြားမှပင် ကျောင်းအများစုသည် ပြောင်းလဲလာသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် မိမိတို့ ဝန်ဆောင်မှုများကို လိုက်လျောညီထွေပေးနိုင်ရန် ကြိုးပမ်းခဲ့ကြပါသည်။

အန်ဂျီအိုများနှင့် ပညာရေးအဖွဲ့အစည်းများ၊ ကျောင်းများသည်လည်း ဝင်ရောက်စီးနင်းခံရမည့်ဘေးကို အချိန်ပြည့် စိုးရိမ်ခဲ့ရသည်။ အချို့ကျောင်းများက ပိုမိုဘေးကင်းသည့် ပို့ချမှုအနေနှင့် အွန်လိုင်း သင်ကြားမှုအဖြစ် ပြောင်းလဲလိုက်ကြသည်။ လူတွေ့သင်ကြားရသည့် ကျောင်းအချို့ကလည်း ကျောင်းသားများ ပိုမိုလုံခြုံအောင် ကျောင်းတွင် နေရာထိုင်ခင်း စီစဉ်ခဲ့ကြရသည်။

ထိရှလွယ် ခေါင်းစဉ်များ၊ စကားလုံးများပါသည်ဟု ယူဆရသော သင်ရိုးများကိုလည်း အချို့ကျောင်းများက အမည်ပြောင်းလဲ ပို့ချကြရသည်။ ထိရှလွယ်ခေါင်းစဉ်စကားလုံးများပါသည့် စာအုပ်စာတမ်းများကို ပို့ဆောင်ခြင်း သိမ်းဆည်းခြင်းမှာလည်း ပြဿနာတစ်ခု ဖြစ်လာပါသည်။ Facebook ကဲ့သို့သော လူမှုမီဒီယာဆိုက်များကို အသုံးပြုပြီး ကျောင်းသားခေါ်ယူခြင်းမှာလည်း အကန့်အသတ်နှင့်သာ ဖြစ်လာသည်။ ဝက်ဆိုက်များကို ပိတ်ထားခြင်း၊ VPN နှင့်သာ သုံးနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ မိမိတို့ သင်ရိုးများ၊ ပွဲများကို လူမှုမီဒီယာပေါ်ကြော်ငြာပါက မလိုလားအပ်သော အာရုံစိုက်ခြင်းခံရမည်ကိုလည်း ကျောင်းအချို့က စိုးရိမ်ခြင်းရှိခဲ့သည်။ ကျောင်းတစ်ကျောင်းက ဤသို့ဆိုပါသည်။ “ကျွန်တော်တို့က သင်တန်းအစီအစဉ်တွေ



ပွဲတွေကို ဖေ့စ်ဘွတ်မှာ မကြော်ငြာတော့ဘဲ သိတဲ့လူအနည်းငယ်ကိုပဲ တိုက်ရိုက်အသိပေးလိုက်တော့တယ်။”

နှစ်ထပ်ကွမ်း အကျပ်အတည်းကြောင့် ကျောင်းများသည် ဘဏ္ဍာရေးအခက်အခဲများ ပိုကြုံတွေ့လာရသည်။ အွန်လိုင်းသင်ယူမှုနှင့် ပတ်သက်သည့် ကုန်ကျစရိတ်အသစ်များကို ကျခံနေရသည်။ ဥပမာ – ဒေတာဖိုး၊ မီးမမှန်သောကြောင့် မီးစက်၊ ဓာတ်ဆီ/ဒီဇယ်ဖိုး စသည်တို့ဖြစ်သည်။ ၂၀၂၂ တွင် မြန်မာနိုင်ငံ၌ ပိုမိုဆိုးရွားလာသော လျှပ်စစ်ပြတ်တောက်မှုများ ဖြစ်လာခဲ့သည်။ တစ်နေ့ကို ၁၂ နာရီကျော် ကြိုတင်ခန့်မှန်းမရဘဲ လျှပ်စစ်မီးပြတ်တောက်ခြင်းကို တနိုင်ငံလုံး ကြုံတွေ့လာရသည်။ ထို့ကြောင့် ကျောင်းများတွင် မီးစက်များ (ဝယ်နိုင်သည့်ကျောင်းများ) ဝယ်ရခြင်း၊ ဆိုလာစနစ်၊ ဘက်ထရီစနစ်များဖြင့် လျှပ်စစ်မီးပေးပြီး သင်တန်းထိရောက်မှု ဆက်ရှိအောင် ကြိုးစားလုပ်ဆောင်ကြရသည်။ ထို့ပြင် ဒေတာဈေးနှုန်းများမှာလည်း နှစ်ဆတက်သွားခဲ့သည်။ ဤပြဿနာများအားလုံးအပြင် ငွေကြေးဖောင်းပွမှုကလည်း ထပ်ဖြစ်ပြန်ပါသည်။ ကျောင်းတစ်ကျောင်းက ဤသို့ပြောသည်။

> **“ကျောင်းမှာ အခု မီးစက်ကို နေ့တိုင်း နှိုးရတယ်။ လျှပ်စစ်မီးက ပြတ်ချင်တဲ့အချိန် ပြတ်တာမို့လို့ပါ။ ဓာတ်ဆီဈေးကလည်း တခြားကုန်ဈေးနှုန်းတွေအတိုင်း လိုက်တက်တယ်။ နေ့စဉ် လည်ပတ်မှု ကုန်ကျစရိတ်က အရင်ထက် အများကြီး ပိုသုံးလာရတယ်။”**

ဘဏ်စနစ် တုံ့ဆိုင်းနေသောကြောင့် အလှူငွေ လက်ခံခြင်း (အထူးသဖြင့် နိုင်ငံခြားမှ အလှူငွေ) မှာ အလွန်ခက်ခဲလာသည်။ ငွေလွှဲခြင်းလုပ်ငန်းစဉ်များ တုံ့ဆိုင်းနှေးကွေးလာသည်သာမက နိုင်ငံခြား အလှူရှင်အဖွဲ့အစည်းများထံမှ ငွေလက်ခံရယူရန် အခက်အခဲမျိုးစုံ ရှိနေပါသည်။ ထိုအခါ နှောင့်နှေးအဆင်မပြေမှုများစွာ ရှိလာသည်။ အထက်တန်းလွန်ကျောင်း ဝန်ထမ်းတစ်ဦးက ဤသို့ပြောသည်။

> **“ကျွန်တော့် အရာရှိနဲ့ ဘဏ္ဍာရေးဌာနကို ကျွန်တော် ပြောတယ်၊ လစာ တစ်လ၊ နှစ်လ စောင့်လို့ရပါတယ်လို့။ ငွေလွှဲက နောက်ကျနေတာ ကျွန်တော်သိတယ်၊ ကျောင်းဘက်ကလည်း တော်တော်ခက်ခဲနေတာ။ ဒါပေမဲ့ သူတို့က မရဘူး၊ ကျွန်တော့်ကို လစာ ရအောင်ပေးတယ်။ ကျွန်တော့်မှာ ဒီအလုပ်တစ်ခုပဲ ရှိတာသိလို့လည်းဖြစ်မယ်။ တခါတလေတော့ စဉ်းစားမိတယ်။ အထက်လူကြီးက သူ့အိတ်ထဲကနေ ကျွန်တော့်လစာကို စိုက်ပေးနေတာ ဖြစ်မယ်လို့။”**

၂၀၂၂ တွင် အင်တာနက် ချိတ်ဆက်မှုများက ပိုမို အားနည်းဆိုးရွားလာခဲ့သည်။ သင်တန်းတစ်ခုလုံးကို အွန်လိုင်းပေါ်မှ တက်၍ မရသည် အထိပင်ဖြစ်သည်။ အချို့နေရာများတွင် နိုင်ငံခြားဆင်းကတ်ကိုင်၍ရသောဒေသမှ ကျောင်းသားများကသာ အွန်လိုင်းသင်တန်းများကို ဝင်တက်၍ရသည်။ ဆရာတစ်ဦးက ဤသို့မှတ်ချက်ပေးသည်။

# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## နော်ထွေးညို

"ကျွန်မတို့ သင်တန်းတောင် စလို့ မရတဲ့ ရက်တွေ ရှိတယ်။ အရင်တုန်းက အွန်လိုင်းသင်တန်း ခက်ခဲတယ်ဆိုတာ ဖြေရှင်းလို့ရတယ်။ ကျွန်မတို့လည်း ပိုကျွမ်းကျင်လာတော့ ဖြေရှင်းတတ်လာပြီပေ့ါ။ အွန်လိုင်း စာသင်တာကို ကောင်းကောင်းနိုင်နင်းပါပြီလို့ ထင်လိုက်တဲ့အခါမှပဲ ဒီပြဿနာတွေ ထပ်လာပြန်ရော။"

အကျိုးအမြတ်အတွက် မဟုတ်သော အထက်တန်းလွန်ပညာရေး ကဏ္ဍမှ အဖွဲ့အစည်းများ ကျောင်းများသည် ပြည်တွင်း အန်ဂျီအိုများနှင့် ချိတ်ဆက်ပြီး ၎င်းတို့၏ ကျောင်းသူကျောင်းသားများအတွက် အလုပ်သင်အခွင့်အလမ်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ကွန်ရက်ချိတ်ဆက် လုပ်ကိုင်တတ်ကြပါသည်။ ကွင်းဆင်းလေ့လာမှုများ၊ လေ့လာဖလှယ်ရေးခရီးစဉ်များ လုပ်ဆောင်လေ့ရှိကြသည်။ ထိုလုပ်ငန်းများအားလုံး လက်ရှိအချိန်တွင် ပိုမိုခက်ခဲလာပါသည်။

ဆရာ မလုံလောက်မှု ပြဿနာ တဖြည်းဖြည်း ပေါ်ပေါက်လာသည်။ ကျောင်းအုပ်တစ်ဦးက သင်ကြားရေး အရည်အသွေး ထိန်းသိမ်းရန် ခက်ခဲလာကြောင်း၊ ကျွမ်းကျင်ဆရာများက နေရာအမျိုးမျိုး ရောက်နေကြခြင်း၊ အချို့ဆရာများက အင်တာနက်မရရှိသော ဒုက္ခသည်စခန်းများတွင် နေရခြင်းတို့ကြောင့် ဖြစ်ကြောင်း ဆိုခဲ့ပါသည်။

"ကျွမ်းကျင်ဆရာတော်တော်များများ ပြောင်းရွှေ့ကုန်ကြပြီ။ အရင်က သင်ကြားရေး အရည်အသွေးအတိုင်းရောက်အောင် ဆက်သင်ဖို့ ခက်ခဲပါတယ်။ ရှိတာနဲ့တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်တာပေ့ါ။ ဒါပေမဲ့ ဆရာစွမ်းဆောင်ရည် ဖွံ့ဖြိုးရေးအတွက် သင်တန်းတွေ၊ အချိန်တွေ ငွေတွေ အများကြီး ရင်းနှီးမြှုပ်နှံထားတာတောင် တိုးတက်မှုက နှေးတုန်းပဲ။"



ကျွန်မက မွန်ပြည်နယ် ရေးမြို့ကပါ။ ၂၀၀၇ ခုနှစ်မှာတော့ ကျွန်မ နူးပို ဒုက္ခသည်စခန်းမှာ နေထိုင်ခဲ့ပါတယ်။ အထက်တန်းကျောင်းအပြီးမှာ ကျွန်မက ကရင် စီးပွားရေးဖွံ့ဖြိုးမှု သင်တန်းတက်ပြီး စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနဲ့ စာရင်းကိုင် ကျွမ်းကျင်မှုတွေကို လေ့လာခဲ့ပါတယ်။ အဲ့ဒီကျောင်းပြီးတော့ **Global Border Studies (GBS)** ကျောင်းမှာ ဆက်တက်ပါတယ်။ အဲ့ဒီ သင်တန်းက အချိန်ပြည့် ပညာရေး အစီအစဉ်တစ်ခုဖြစ်ပြီးတော့ လူငယ်လူရွယ်တွေကြားမှာ လူမျိုးနဲ့ ယဉ်ကျေးမှု ကွဲပြားစုံလင်မှု၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနဲ့ ဂျန်ဒါ တန်းတူညီမျှမှုကို မြှင့်တင်ဖို့ စွမ်းရည်တွေ လေ့ကျင့်တည်ဆောက်ပေးတဲ့ ကျောင်းပါ။ **GBS** က ကျွန်မကို စိတ်သစ်လူသစ်ဖြစ်သွားစေပါတယ်။ အရေးကိစ္စတွေကို ခြုံငုံနားလည်တတ်စေဖို့ မျက်စိပွင့်သွားခဲ့တာပါပဲ။ ဘာသာရေး၊ လူမျိုး၊ ဘဝနောက်ခံ၊ ယဉ်ကျေးမှု အင်မတန် စုံလင်ပေမယ့်လဲ ကျွန်မတို့ဟာ တသားတည်းပါပဲ။ ဒီစုံလင်မှုတွေကို အသုံးပြုပြီး ကျွန်မတို့ လူ့အသိုင်းအဝိုင်းကို ဘယ်လို ရောင်စုံလှပအောင် ကြိုးစားရမလဲဆိုတာ **GBS** က သင်ပေးခဲ့ပါတယ်။

အဲ့ဒီအချိန်က စပြီး ကျွန်မက မြန်မာနိုင်ငံတွင်းနဲ့ နယ်စပ်တစ်လျှောက်မှာ ငြိမ်းချမ်းရေးသင်တန်းဆရာအဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ အခုတော့ ကျွန်မက ကလေးမွေးရင်း ရွာကိုပြန်ရောက်နေပြီး စေတနာ့ဝန်ထမ်းဆရာမအဖြစ် အလုပ်လုပ်ပေးနေပါတယ်။ နိုင်ငံရေး အခြေအနေတွေကြောင့် ကလေးတွေဟာ သူတို့ရဲ့ ပညာရေးကို ရှေ့ဆက်ဖို့ ခက်ခဲနေကြပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒီကလေးတွေအတွက် ကျောင်းတစ်ကျောင်း ဖွင့်ထားပါတယ်။



# ၄ – မြန်မာနိုင်ငံ အထက်တန်းလွန် ပညာရေးကဏ္ဍ၏ အနာဂတ်

အနာဂတ်နှင့် ပတ်သက်ပြီး စိန်ခေါ်မှုများ၊ မရေရာမှုများ များပြားလွန်းလှပါသည်။ သို့သော် အထက်တန်းလွန်ပညာရေး ကျောင်းများသည် အထက်တန်းလွန် ပညာရေးကို နှိုင်းစရာ မရှိလောက်သည့် အခက်အခဲများကြားမှ မပြတ်တမ်း ဆက်လက် ပို့ချပေးအပ်လျက်ရှိပါသည်။ ၎င်းတို့၏ လိုက်လျောညီထွေ ပြောင်းလဲနိုင်စွမ်း၊ ဤကဏ္ဍအပေါ် နှစ်မြှုပ်လုပ်ကိုင်မှုကို မြင်ရသည့်အပြင် မြန်မာ့အဆင့်မြင့်ပညာရေးကဏ္ဍအတွက် အထက်တန်းလွန် ပညာရေး၏ အရေးပါပုံကိုလည်း ထင်ရှားစွာ မြင်ရပါသည်။

လက်ရှိ နိုင်ငံရေးအခြေအနေအတိုင်း ကာလရှည်ကြာလာပါက ဤကဏ္ဍသည် **“ကျောင်းပြင်ပ ပညာရေး” ကို ဆက်လက်ပို့ချခြင်း** ရှိကောင်းရှိနိုင်ပါသည်။ ပဋိပက္ခအလွန် အခြေအနေများတွင် ပညာရေးဆိုသည်မှာ **အားနည်းပြီး မတည်ငြိမ်သည့် အခြေအနေ**တွင် ပြန်လည်တည်ဆောက်ရသောကဏ္ဍ ဖြစ်ပါသည်။ ထို့ကြောင့် ပြန်လည်တည်ဆောက်ရာတွင် အထောက်အကူပြုစေမည့် ကောင်းစွာလည်ပတ်နေသော ကဏ္ဍတစ်ခု ရှိထားသင့်ပါသည်။ ဤကဏ္ဍသည် ပညာရေး စနစ်ကို ပြန်လည်ထူထောင်ရန်အတွက်သာ မဟုတ်၊ စနစ်များ ပြန်လည်သန်စွမ်းရေးနှင့် ပြန်တည်ဆောက်ရေးအတွက်ပါ အသုံးဝင်မည်ဖြစ်သည်။

> “ ဒီလိုမြန်မာနိုင်ငံက ကျောင်းပြင်ပ ပညာရေးပို့ချသူတွေရဲ့ ရည်မှန်းချက်ကောင်းမွန်တဲ့ အစီအစဉ်တွေဟာ အပြောင်းအလဲကို ရင်ဆိုင်ဖို့တင်မဟုတ်၊ အပြောင်းအလဲ ဖော်ဆောင်မယ့် အင်အားတွေပါ ဖြစ်လာနိုင်ပါတယ်။”
>
> *ဒေါက်တာ ရိုစလီ မက်ထရို*

ထို့ကြောင့် အထက်တန်းလွန်ပညာရေး ကဏ္ဍသည် ဘဏ္ဍာရေးပိုင်း၊ သင်တန်းပိုင်း၊ သင်ယူမှုပိုင်း အသိအမှတ်ပြုမှု ပေးအပ်ခြင်း၊ နောင်အခါတွင် တရားဝင်ပညာရေးစနစ်အတွင်း ပြန်လည်ပေါင်းစပ်နိုင်ခွင့်ရရှိရေး စသည်တို့နှင့် ပတ်သက်ပြီး



အထောက်အပံ့ လိုအပ်သည်။ ထိုအထောက်အပံ့နှင့်လည်း အလွန် ထိုက်တန်သောကဏ္ဍဖြစ်သည်။

> “ ကျွန်တော်တို့ကျောင်းမှာ လက်ခံနိုင်တဲ့ ကျောင်းသားဦးရေ ၃၂ နေရာအတွက်ကို ၉၀ ကျော် လာလျှောက်တယ်။ ဒါတောင် အင်တာနက်က ၉ မြို့နယ်မှာ ၁ မြို့ပဲရနေလို့။ အရင်လိုသာ အင်တာနက် အကုန်ရရင် ဒီထက် အများကြီး လာလျှောက်ကြဦးမှာ။ ကျွန်တော်တို့ ကွန်ရက်ဝင် ကျောင်း ၅ ကျောင်းပေါင်းရင် လျှောက်လွှာ ၇၅၀ ကျော်ရတယ်။ ကျွန်တော်တို့ကဏ္ဍက ကျောင်းတွေကို အရင်ထက်ကို ပိုလိုအပ်လာကြပြီဆိုတာ ပြတဲ့အချက်ပါပဲ။”
>
> *ဆလိုင်းဗန်ကျုံးလျန်၊*
> *ဗစ်တိုးရီးယား အကယ်ဒမီ ကျောင်းအုပ်*

# အထက်တန်းလွန်ကျောင်း ဘဝဇာတ်ခုံ

## ဇော်ငြေး

ကျွန်တော်က စစ်တွေတက္ကသိုလ်ကနေ အင်္ဂလိပ်မေဂျာနဲ့ကျောင်းပြီးပါတယ်။ အဲ့ဒီနောက်မှာ သဘာဝပတ်ဝန်းကျင်နဲ့ စိုက်ပျိုးရေး ပညာရပ်ကို **Network for Education and Enviorment’s Development (NEED-Myanmar)** ရဲ့ ဂေဟရွာကျောင်းမှာ သွားလေ့လာခဲ့ပါတယ်။ ပြီးတော့ စစ်တွေက **Akyab Institute (AI)** ကျောင်းမှာ လူမှုသိပ္ပံ ဘာသာရပ်ကို ၂၀၁၉ မှာ ဆက်တက်ခဲ့ပါတယ်။



**AI** ကပေးတဲ့ ဒီပလိုမာက ကျွန်တော့်အလုပ်အကိုင်တွေမှာ အင်မတန် အသုံးဝင်ခဲ့ပါတယ်။ မဲဆောက်က **Initiative for Peace Camp** ကိုလည်း ပါဝင်ခွင့်ရခဲ့တယ်။ မှခ်ဦး ပညာရေးနဲ့ ၄ လတာ အလုပ်သင်ကာလကိုလည်း ရရှိခဲ့ပါတယ်။ ဒီအလုပ်သင်ကာလအပြီးမှာ ရခိုင်ပြည်နယ်မှာ ရပ်ရွာအခြေပြု ပံ့ပိုးကူညီသင်ကြားသူ အလုပ်ကို ရရှိခဲ့ပါတယ်။ အခုတော့ ကျွန်တော်က ကိန်းသာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး အစီအစဉ် **(PDI)** မှာ အလုပ်လုပ်နေပြီး စစ်တွေက ဘုမေ ပညာရေး စင်တာမှာ မွတ်ဆလင် လူငယ်တွေကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရပ်တွေကို သင်ကြားနေပါတယ်။ ကျွန်တော်က **NEED** နဲ့ **AI** မှာ သင်ယူခဲ့ရတဲ့ ပညာရပ်တွေ၊ အတွေ့အကြုံတွေကို ကျွန်တော့် အလုပ်ခွင်မှာ ကောင်းကောင်း အသုံးဝင်လာပါတယ်။

# ၄.၁ အကြံပြုချက်များ

### အထက်တန်းလွန် ပညာရေး ပို့ချသူများအနေနှင့် –

- ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ စီမံအုပ်ချုပ်မှု ဝန်ထမ်းများကို အွန်လိုင်းသင်ကြားသင်ယူမှုနှင့် နည်းပညာအကြောင်း စွမ်းဆောင်ရည်မြှင့်တင်မှု ဦးစားပေး ဆောင်ရွက်ပါ။
- သင်ကြားပို့ချမှုနည်းလမ်းအမျိုးမျိုးကို ရှာဖွေစမ်းသပ်ပါ။ အွန်လိုင်း၊ ရေဒီယိုနှင့် အိမ်တွင် ကိုယ့်အားကိုယ်ကိုး လေ့လာနိုင်သည့် သင်ထောက်ကူများ စသည်တို့ဖြစ်သည်။
- လက်ရှိအခြေအနေအတွင်း မိမိကိုယ်ကိုယ် ဂရုစိုက်မှု ရှိကြစေရန် ဆရာ ဆရာမများကို အားပေးပါ။
- စိတ္တလူမှုကျန်းမာရေးအကြောင်း နားလည်မှုကို ဆရာ ဆရာမများ ပိုမိုနားလည်အောင် ထောက်ပံ့ပါ။
- ပတ်သက်ဆက်နွှယ်သူအားလုံးအတွက် လုံခြုံရေး၊ ဒစ်ဂျစ်တယ်လုံခြုံရေးကို မြှင့်တင်ပါ။
- ဆရာ ဆရာမများရော ကျောင်းသူ ကျောင်းသားများ အတွက်ပါ နည်းပညာ လက်လှမ်းမီမှုရှိအောင် (အထူးသဖြင့် လက်ပတော့ ကွန်ပျူတာများ) ကူညီထောက်ပံ့ပါ။

### အလှူရှင်များအနေနှင့် –

- နည်းပညာ လက်လှမ်းမီမှုမြှင့်တင်ရန် ငွေထောက်ပံ့ပါ။
- ဆရာ ဆရာမများ အွန်လိုင်း သင်ကြားရေးနည်းလမ်းများကို ကျွမ်းကျင်မှုရှိအောင် ရင်းနှီးမြှုပ်နှံပါ။
- ရေရှည် ငွေကြေးထောက်ပံ့မှုအစီအစဉ်များ ပေးအပ်ပါ။ စီမံခန့်ခွဲမှုစရိတ်များနှင့် ဝန်ထမ်းလစာများအပါအဝင် ဖြစ်ပါသည်။
- ပြင်ပကျွမ်းကျင်မှုများလည်း စိမ့်ဝင်စီးဆင်းမှုရှိအောင် စေတနာ့ဝန်ထမ်း ထားရှိခြင်း အစီအစဉ်များ ပြန်လည် ဖွင့်လှစ်နိုင်ရေး စဉ်းစားပါ။
- ပိုမိုဝေးလံခေါင်သီပြီး ဝန်ဆောင်မှု မရရှိသည့်ဒေသများတွင် အထောက်အပံ့ရရှိစေမည့် ငွေကြေးထောက်ပံ့မှု အစီအစဉ်များကို အသုံးပြုပါ။
- စီမံခန့်ခွဲမှု စရိတ်များနှင့် ကျွမ်းကျင်မှု မြှင့်တင်ခြင်း လုပ်ငန်းများကို ထောက်ပံ့ပေးနိုင်မည့် ဝင်ငွေမြှင့်တင်ခြင်း လုပ်ငန်းစဉ်များကို အားပေးမြှင့်တင်ပါ။
- အရေးပေါ် ရန်ပုံငွေထားရှိပြီး ကျောင်းများ လက်လှမ်းမီအောင် ထားရှိပါ။

### အထက်တန်းလွန်ပညာရေး ပို့ချသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရ၊ နိုင်ငံတကာ ပညာရေး အဖွဲ့အစည်းများအနေနှင့် –

- နိုင်ငံတကာ တက္ကသိုလ်များနှင့် ဆက်ဆံရေးတည်ဆောက်ပြီး ကျောင်းလခ ကင်းလွတ်ခွင့် ပေးအပ်ရန် တိုက်တွန်းပါ။
- တိုင်းရင်းသား၊ ကျောင်းပြင်ပ အွန်လိုင်းအဆင့်မြင့်ပညာရေး ပို့ချသူများနှင့် အခြားရပ်တည်အရေးဆိုသူများအကြား တိုင်းရင်းသား ပညာရေးဌာနများအပါအဝင် လှုပ်ရှား ဆောင်ရွက်သူ အသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှု ပေါ်ပေါက်အောင် တိုက်တွန်းပါ။
- ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများက အထက်တန်းလွန် ပညာရေးကဏ္ဍမှ ရရှိခဲ့သည့် သင်ယူပေါက်မြောက်မှုကို အသိအမှတ်ပြုရန် သက်ဆိုင်ရာ အစိုးရများကို အားပေး တိုက်တွန်းပါ။

ဤကဏ္ဍနှင့် ပတ်သက်ပြီး အချက်အလက်အသစ်များကို psecmyanmar.com တွင် ဆက်လက် ရှာဖွေ ဖတ်ရှုနိုင်ပါသည်။

## အစီရင်ခံစာရေးသားသူများ

ကေတီဂျူလီယန်သည် နယူးဇီလန်နိုင်ငံမှဖြစ်ပြီး ၁၉၉၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံနှင့် မြန်မာပြည်နယ်စပ်ဒေသများတွင် အလုပ်လုပ်ကိုင်ခဲ့သည်။ ထိုင်းနိုင်ငံနယ်စပ် ဒုက္ခသည်စခန်းများတွင် ဆရာမတစ်ဦးအဖြစ် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခဲ့ပြီး ပညာရေးဆိုင်ရာ သင်ထောက်ကူများ ပြုစုရေးသားသော အဖွဲ့အစည်းဖြစ်သည့် **မုခ်ဦးပညာရေး**ကို အတူပူးပေါင်းတည်ထောင်ခဲ့သည်။ မင်းမဲ့ဝါဒီတစ်ဦးဖြစ်ပြီး အချိန်တော်တော်များများတွင် ချည်ထိုးနေတတ်သည်။ ပြီးခဲ့သည့် ရာစုနှစ်ကတည်းက မဟာဘွဲ့ရရှိထားပြီးဖြစ်သည်။

နီသာဘောဆီရမ်ပွန်သည် ချင်းပြည်နယ်တွင် မွေးဖွားကြီးပြင်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် နော်ဝေးနိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းရေးဆွဲခြင်း ဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိပြီးနောက် မြန်မာနိုင်ငံသို့ပြန်၍ ၆ လကြာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်ပြီး ၂၀၂၁ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည်။ ဘောသည် **ဘရစ်ဂျ်အင်တာနေရှင်နယ်**ဟုခေါ်သော ပြည်ပရောက်နိုင်ငံသားများဆိုင်ရာ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်တည်ထောင်ခဲ့သည်။ ကလေးဘဝကတည်းက နိုင်ငံစုံကို သွားလာနေထိုင်သူဖြစ်ပြီး ပြည်ပနိုင်ငံများတွင် ကြီးပြင်းလာရသူတစ်ဦးဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း

Buckland, P. (2006). Post-conflict education: Time for a reality check. Forced Migration Review, 26, 7-8https://www.fmreview.org/sites/fmr/files/FMRdownloads/en/education/buckland.pdf

CHINLONE. (2018). Myanmar's higher education reform: Which way forward? https://gdc.unicef.org/resource/myanmars-higher-education-reform-which-way-forward

Curriculum Project. (2012). Post-secondary education on the Thailand – Myanmar border: English language proficiency of entry-level students. https://docs.google.com/document/d/1-M3d2jVBOUpNOX1aaY7Cjr7EOG326cCd/edit

Dowding, L. (2017). Refugee integration education review. World Education. https://publications.jsi.com/JSIInternet/Inc/Common/_download_pub.cfm?id=19389&lid=3

Ei Mon Mon Kyaw. (2021). Non-profit post-secondary school strategies during Covid-19. Mote Oo Education.

Fishbein, E. & Nu NuLusan. (2021, November 3). Military coup kills higher education dreams in Myanmar. Aljazeera. https://www.aljazeera.com/news/2021/11/3/military-coupkills-higher-education-dreams-in-myanmar

Global Movement for Myanmar Democracy. (2021). GM4MD Rapid youth assessment report.Publication Pending.

Han Nay & Shwe Daw Aye. (2022). တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ လက်ရှိပညာသင်ယူမှု အခြေအနေနှင့် ၎င်းတို့၏ အဆင့်မြင့်ပညာရေးစနစ်အပေါ် မျှော်မှန်းချက်များကို လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ။ Kanaung Institute.

Haymar Khaing & Lauterjung, J. (2022). The e-learning shift: Post-secondary education realities and possibilities. Mote Oo Education. https://drive.google.com/drive/ folders/1fBi-8FRsIJpV5FtJSAiFExkHAnOKhkZW

Htwe Htwe Thein &Gillan, M. (2021, June 3). How the coup is destroying Myanmar's economy. EastAsia Forum. https://www.eastasiaforum.org/2021/06/23/how-the-coup-is-destroying-myanmars-economy/

Kyawt Thuzar & Matthews, Z. (2020, May 7). Microcosms of civic education in Myanmar. Tea Circle Oxford. https://teacircleoxford.com/policy-briefs-research-reports/microcosms-of-civic-education-in-myanmar/

Lall, M. (2021). Myanmar´s education reforms: A pathway to social justice. UCL Press. https://www.uclpress.co.uk/products/139468

Loong, S., & Rinehart, G. (2019, February 19). Post-secondary education in Myanmar: Reform from the ground-up. Tea Circle Oxford. https://teacircleoxford.com/research-report/post-secondary-education-in-myanmar-reform-from-the-ground-up/

Metro, R. (2021, June 24). The emerging alternatives to 'military slave education´. Frontier Myanmar. https://www.frontiermyanmar.net/en/the-emerging-alternatives-tomilitary- slave-education/

Olney, J; Haque, N.,& Mubarak, R. (2019). We must prevent a lost generation: Community-led education in Rohingya camps. (PRIO Paper).PRIO. https://www.prio.org/publications/11387

Rinehart, G. (2018). Post-secondary education leadership in 21st century Myanmar.  Slideshow Presentation for 19thUNESCO_APEID Conference.

Siangpum, NB. (2021, August 25). Non-profit higher education institutions in Chin State: From survival to sustainability. Tea Circle Oxford.https://teacircleoxford.com/?s=siangpum

Siangpum, NB. (2021). Non-profit private higher education institutions in Chin State: Their purposes, challenges and sustainability. Chinbridge Institute.

Spring University Myanmar. (2022, April 12). Hanging by a thread: Education in post-coup Myanmar. Young Myanmar´s Scholars Commentary Series, No. 2. https://www. csis.or.id/publications/hanging-by-a-thread-education-in-post-coup Myanmar

Zin, T. (2019). Study on implementations of education reform. (Integrative Paper). De La Salle University.

Thet Zin Soe. (2020, September 3). 16 Myanmar universities declared autonomous. Myanmar Times. https://www. mmtimes.com/news/16-myanmar-universities-declaredautonomous. html

United Nations. (2015). Transforming our world: The 2030 agenda for sustainable development. UN Publishing.

Welch, A. & M. Hayden. (2013). Myanmar comprehensive education sector review (CESR) phase 1: Rapid assessment. Myanmar CESR. http://www.cesrmm.org/documents

Zin Wai Yan. (2022, January 24). The only education people need now in Myanmar. Tea Circle Oxford. https:// teacircleoxford.com/essay/the-only-education-people-need-nowin- myanmar/

P-SEC